မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၀၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလတန်ဟာဂျီဟာဆန်နယ်လ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာ၏ ဖိတ်ကြားချက်အရ ယနေ့နံနက် ၁၁ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ နိုရက်ဇ်ဟာဂျီဆူလီမန်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ ***စာမျက်နှာ ၉ ကော်လံ ၁*** ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်)

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး ကဏ္ဍအလိုက် အရှိန်အဟုန်မြင့် တည်ဆောက်ပေးနေ

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှုသည် မြို့ပြဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်လျက်ရှိသည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်ဖော်ဆောင်ပေးလျက် ရှိသည်။

ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်နှင့် ခရိုင်ချင်းဆက်လမ်းများကို နိုင်ငံတော်က တိုးချဲ့ဖောက်လုပ်ပေးခဲ့သည်။ ကျောက်ချောလမ်းများ၊ ကတ္တရာလမ်းသစ်များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိသည်။

အမရပူရမြို့နယ် ပြည်လုံးကျော်–ဖျောက်ဆိပ်ကုန်း ကျေးရွာချင်းဆက် ကျောက်ချောခင်းလမ်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် ကြာနီကန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ၊ မြင်းခြံမြို့နယ် မြင်းခြံမြို့နှင့်ဆက်သွယ်သည့် ဇီးပင်ကန်ကျေးရွာအဝင်ပေ ၂၀၀၀ ကျောက်ချောလမ်းသစ်ဖွင့်ပွဲနှင့် နေပြည်တော်လယ်ဝေးမြို့နယ် ကျောက်တစ်လုံး ကျောင်းစုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖွင့်ပွဲတို့ကို ကျင်းပခဲ့သည်။

ကျေးလက်ဒေသနေ ပြည်သူများ အသိပညာဗဟုသုတ တိုးပွားမြင့်မားစေရေးအတွက်လည်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းနှင့်အတူ လူမှုရေးဆိုင်ရာလိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးလျက် ရှိသည်။

ယခုအခါ ပေါင်းလောင်းမြစ်အရှေ့ဘက်ခြမ်း တောင်ပေါ်ကျေးရွာ ၆၇ ရွာရှိသည့်အနက် ရွာ၂၀ ကျော်ကို ရေအားလျှပ်စစ်မီးစက်များ တပ်ဆင်ပေးနိုင်ခဲ့ပြီဖြစ်ရာ ယင်းကျေးရွာများ၌ လျှပ်စစ်မီးရရှိနေကြပြီ ဖြစ်သည်။

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အရှိန်အဟုန်မြင့် ထူထောင်ပေးလျက်ရှိရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက နိုင်ငံတော်နှင့်အတူ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် ဖမိုင်ခွဲ ဓမ္မာရုံလမ်းမကြီးနေ Top star ဆောက်လုပ်ရေး အင်ဂျင်နီယာအဖွဲ့ ဦးစိုးနိုင်– ဒေါ်တင်မိုးစမ်းနှင့်သားမောင်ကျော်ဇင်လင်း၊ သမီးမထက်အင်ကြင်းမိသားစု က ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သိန်း ၃၀ ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဇန်နဝါရီ ၁၁ ရက်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို အထက(၃) ကမာရွတ်၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရွှေမန်းက ပညာပေးဟောပြောစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၁၆–၁–၂၀၀၈ (ဗုဒ္ဓဟူး)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း–၁၂)
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနဲ့အတူ** (အပိုင်း–၉)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ လူ့ရှင်တော်ရွှေဖလား
၁၉။ English Usage
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း–၂၃)

မင်းဘူးခရိုင်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

မင်းဘူးခရိုင်အသင်း (ရန်ကုန်)၏ (၅၈) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁ နာရီအထိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ပန်းတိမ်း၊ ငဖဲမြို့နယ်များမှ ရန်ကုန်ရောက် မင်းဘူးခရိုင်အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ထို့ပြင် မင်းဘူးခရိုင်အသင်း(ရန်ကုန်)မှအသက်(၇၅နှစ်) ပြည့်သူအဘိုးအဘွားများ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ အလှူဒါန ပါဝင်လှူဒါန်းလိုသူများသည် ဦးဝင်းဖေ (ဆောက်/လျှပ်) ဖုန်း–၇၀၄၇၉၆၊ ဒေါ်ခင်စိန်ဝင်း ဖုန်း–၅၆၀၆၁၁ တို့သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်း မြို့တွင် တည်ဆောက်လျက်ရှိသောကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် သက်ကြီး စာပေပညာရှင် စာရေးဆရာကြီး ဦးဌေးမောင်၂၀၀၃ခုနှစ် တစ် သက် တာ စာပေ ဆုရှင်က ၁၃၆၉ ခုနှစ်စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံ ငွေကျပ် တစ်သိန်းနှစ်သောင်းအနက် ငွေကျပ်တစ်သိန်းကို လှူဒါန်းစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၁–၂၀၀၈(ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀ – ၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ – ၁း၀၅ **ချမ်းသာချင်ရင် ဒီလိုကျင့်** တရားတော် [ရွှေမိုးညိုဆရာတော် (အရှင်ဇာဏေယျ)]
၈း၀၀ – ၂း၀၀ Industrial Talk [ဒေါ်ခင်မကြည်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၄၀ – ၂း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၀ – ၃း၁၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ – ၃း၂၀ ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြု လုပ်ငန်း
၉း၄၀ – ၃း၄၀ တေးဂီတအစီအစဉ်
၉း၄၅ – ၃း၄၅ ကျန်းကျန်းမာမာချစ်စရာ ကာလ်ပေါလ် ကလေးဓာတ်ပုံပြိုင်ပွဲ
၁၀း၀၀ – ၄း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ – ၄း၀၅ ဆွာချောင်းရေလှောင်တမံ
၁၀း၁၅ – ၄း၁၅ တေးဂီတအစီအစဉ်
၁၀း၂၀ – ၄း၂၀ Midweek Sports News
၁၀း၃၅ – ၄း၃၅ တေးဂီတအစီအစဉ်
၁၀း၄၀ – ၄း၄၀ မိုးလေဝသခန့်မှန်းချက်
၁၀း၄၅ – ၄း၄၅ 'ဒါ'ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ ညီကျော်၊ ဆုပန်ထွာ) [ဒါရိုက်တာ–ဝေဠု(ဝသန်)]
၁၁း၀၀ – ၅း၀၀ တေးဂီတအစီအစဉ်
၁၁း၀၅ – ၅း၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ – ၅း၂၀ ကလေးတို့အတွက် လက်ဆောင် (အလှဆင်ခွက်ကလေးခေါက်ကြရအောင်)
၁၁း၅၀ – ၅း၅၀ တေးဂီတအစီအစဉ်
၁၁း၅၅ – ၅း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ – ၆း၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မမ္မာ သောက အင်းဝ ရာဇာ**
၁၂း၃၀ – ၆း၃၀ တေးဂီတအစီအစဉ်
၁၂း၃၅ – ၆း၃၅ Yangon Panorama (L'ORE'AL & MAYBELLINE အလှကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၁း၀၀ – ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup Round-3 ဘောလုံးပွဲစဉ်

နံနက်	ပွဲစဉ်	ပြသမည့်လိုင်း
၂း၃၀	Man City-West Ham	ESPN(Live)

သဃ်န်းကျွန်းမြို့နယ် သီရိရတနာရိပ်သာ အောင်သုခလမ်း အမှတ် ၃၁နေ အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင် ဇနီး ဒေါ်ထွေးရည် မိသားစုက ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ရွှေစင်ရွှေသား သုံးကျပ်သား လှူဒါန်းရာ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဒေါက်တာတင်သိန်း လွင်က လက်ခံယူစဉ်။ (က–ပ)

✳ ကျောဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ သည် လှိုင်ကော်–ဒီမောဆို–ဖရူဆို လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ဖရူဆိုမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်း ကျောင်းသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် Computer Skill Room ၌ ကျောင်းသား ကျောင်းသူများက ကွန်ပျူတာများကို ကျွမ်းကျင်စွာ အသုံးချနေမှုနှင့် စာသင် ဆောင်များ၌ စာပေသင်ယူနေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဖရူဆိုမြို့ တော်ဝင် သဇင်ခန်းမ၌ မြို့နယ်အဆင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဖရူဆိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆန်းမြင့်က မြို့နယ်၏ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍မြို့မိမြို့ဖများ၊ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးဝင်းဖေနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှု များနှင့် စပ်လျဉ်း၍ အသီးသီးရှင်းလင်း တင်ပြကြရာ တိုင်းမှူးက လုပ်ငန်း လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မိမိတို့ နယ်မြေအေးချမ်း ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ဒေသခံ တိုင်းရင်းသား ပြည်သူများက နိုင်ငံ တော်အစိုးရနှင့် ဝိုင်းဝန်းလက်တွဲကြိုး ပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာခေတ်ဖြစ်သည်နှင့်အညီဒေသဖွံ့ဖြိုး ရေးကို အထောက်အကူပြုရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကယား ပြည်နယ်တွင် နည်းပညာတက္ကသိုလ် အပါအဝင် တက္ကသိုလ်နှစ်ခုကို တည် ဆောက်ပေးလျက်ရှိရာ နိုင်ငံတော်၏ စေတနာကို သိရှိ နားလည်စေလို ကြောင်း၊ ဒေသခံ မြို့မိမြို့ဖများ အနေ ဖြင့် ပြည်ထောင်စုကြီး အစဉ်တည်တံ့ ခိုင်မြဲစေရန် ပြည်ထောင်စု စိတ်ဓာတ် ဖြင့် ဝိုင်းဝန်းကြိုးပမ်းသွားကြစေလို ကြောင်းဖြင့် အကျယ်တဝင့် ပြော ကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဖရူဆို မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ ကြပြီး ဆေးရုံ၌ တက်ရောက် ဆေး ကုသမှု ခံယူနေကြသော လူနာများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ် လှူဒါန်းသည်။

ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဖရူဆိုတပ်နယ် ဇာတိ ဂုဏ်ခန်းမသို့ ရောက်ရှိပြီး တပ်နယ် မှ အရာရှိစစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ် သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဖရူဆို – ဒီမောဆို – လှိုင်ကော် လမ်း အတိုင်း မော်တော်ယာဉ်များဖြင့် လမ်း တစ်လျှောက်ရှိ လမ်းများ ပြုပြင်ထား ရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးကြပြီး ဆက်လက်ထွက်ခွာ လာရာ ငွေတောင်တပ်နယ် စုပေါင်း ရိပ်သာသို့ ရောက်ရှိကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ငွေတောင်တပ်နယ် တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ တပ်ရင်း တပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးတို့ ကို မှာကြားကာ မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများကိုပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လွိုင်ကော် နည်းပညာတက္ကသိုလ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ တည်ဆောက် ပြီးစီးမှု များကို ကြည့်ရှုစစ်ဆေးပြီး နည်းပညာ တက္ကသိုလ် ဆရာ ဆရာမများအတွက် ဝတ်စုံစရိတ် ထောက်ပံ့ငွေ ကျပ် ခြောက်သိန်းကို ပေးအပ်ရာ ခေတ္တ ကျောင်းအုပ် ဒေါက်တာ ဒေါ်သီဂီရွှေက လက်ခံသည်။ **(သတင်းစဉ်)**

ကောင်းသောအမှု ပြုပါလေ

ကိစ္စအမှုတစ်ခုခုကို ပြုလုပ်မိသော် စိုးရိမ်ပူပန်နောင်တရခြင်းမရှိ။

ထိုအမှု၏ ကောင်းကျိုးကိုလည်း ဝမ်းမြောက်ကြည်နူးခံစားရ၏။

ထိုအမှုကို ကောင်းမှုဟု မှတ်ယူရာ၏။

(ဓမ္မပဒ ၆၈)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်း တပ်ဖွဲ့မှ ဖွင့်လှစ်သော အရာရှိ၊ အခြား အဆင့် တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းအမှတ်စဉ် (၁/၂၀၀၈) ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၆ ရပ်ကွက် သီရိမြိုင် ယာဉ်မောင်း သင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့ ကွပ်ကဲ ရေးမှူး ရဲမှူးချုပ်သန်းဟန်က တက် ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းကာလ

သင်တန်းဖွင့်ပွဲသို့ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရဲအရာရှိ ကြီးများ၊ သင်တန်းသားအရာရှိနှစ်ဦး၊ အခြားအဆင့် ၅၃ဦး စုစုပေါင်း၅၅ဦး တို့ တက်ရောက်ကြပြီး သင်တန်း ကာလ ရက်သတ္တလေးပတ် ဖွင့်လှစ် ပို့ချမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖြူးမဟာစည် သိမ်ဆောက်လှူဒါန်းမည်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၅ ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ပဓာနနာယက ဖြူး ဆရာတော် ဘဒ္ဒန္တနရပတိ သီတင်းသုံး တော်မူရာ ကျောင်းတိုက်အတွင်း၌ သာသနဝုမိကာရီသိမ်တော်ကို အသစ် ဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ ရိပ် သာ ဖုန်း–၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ ၁၈၁ နှင့် ၀၉–၅၀ ၁၇၅၅၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရ သည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၆–၁–၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာ တော်ကြီး၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အကျိုး တော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက၊ တိပိဋ္ ကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၆။	အဆိုပြိုင်ပွဲ
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၂၀	၈။	မင်းလှရေလှောင်တမံ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Lat's Go.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒ အထူးပြု) [ရုက္ခဗေဒ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၀၀	၅။	မြန်မာစာ မြန်မာစကား
၁၇း၁၅	၆။	သီချင်းကြီးပဒေသာ
၁၇း၂၅	၇။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၇း၃၅	၈။	ရသပေါ်လွင်သရုပ်ဆောင် လွှင်ပြင်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	မြန်မာ့ဓလေ့ရိုးရာလက်ဖွေ့
၁၈း၅၀	၁၂။	**သတင်းကောင်း** (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ–ညိုမင်းလွင်)
၁၉း၀၅	၁၃။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၉း၂၅	၁၄။	ကြေးမုံရိပ်သွင်တေးနှယဉ်
၁၉း၄၀	၁၅။	ယဉ်ကျေးမှုအမွေ သမိုင်းသက်သေ
၁၉း၅၀	၁၆။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	Franz Hararay's Magic Planet
	၂၁။	**မြန်မာဗီဒီယိုဇာတ်လမ်း အလွဲကောင်း (မင်းမော်ကွန်း၊ နန္ဒာလှိုင်) (ဒါရိုက်တာ–စိုးကျော်ဆန်း)**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

တရားပွဲများကျင်းပမည်

ရွှေသန်လျင်ဆရာတော်

သန်လျင်မြို့နယ် လဟာယက်ကျောင်းတိုက် ပဓာန နာယက သာသန ဓဇ ဓမ္မာစရိယ ဝိနယဝိဒူ နယ်လှည့်သာသနာပြု ဓမ္မကထိက ရွှေသန်လျင် ဆရာတော်အရှင်မေဃိယသည် ဇန်နဝါရီ ၁၇ရက်တွင် ကံကြီးကျောင်း ဆရာတော် မွေးနေ့ဓမ္မသဘင်၊ ၂၁ ရက်တွင် ဒေါပုံ ဓမ္မသီတဂူ အေးရွာ– ကျောင်း ဗုဒ္ဓပူဇနိယဓမ္မသဘင်၊ ၂၅ရက်တွင် ခရမ်းမြို့ ကံသာဆရာတော် မွေးနေ့ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြား မည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ ဖုန်း–၀၉–၅၁–၈၅၀၀၄၊ ၀၅၆– ၂၁၄၀၅ တို့သို့ ဆက်သွယ်နိုင်သည်။

ဆပ်သွားဖူးကျောင်း

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိဂီလမ်း ထောင့်နှင့် ပင်ရွှေညောင်လမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ(၂၇၆)၌ မိုးကုတ် ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိသိဋ္ဌဉာဏ (ကန်တော်လေး) အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စ သမုပ္ပာဒ် သစ္စာလေးပါး တရားတော်များကို ဇန်နဝါရီ ၂၅ရက်မှ ၃၁ ရက် အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများ ဇန်နဝါရီ ၂၃ ရက် နောက်ဆုံးထား ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း–၅၅၉၆၀၄ သို့ လည်းကောင်း စာရင်းပေးသွင်းနိုင်သည်။

မိုလင်းဓမ္မာရုံတော်ကြီး

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် ကျုံးကျုံးကျ အုပ်စု မြေနံ့သာကျောင်း မိုလင်း ဓမ္မာရုံတော်ကြီး၌ လယ်တီဆရာတော်ကြီး ဥပနိဿယအတိုင်း ခုနစ်ရက် အလုပ်ပေးတရားစခန်းကို မြေနံ့သာကျောင်း ဆရာတော် အရှင်ကောဝိဒနှင့် မိုဃ်းကောင်းကျောင်းဆရာတော် အရှင် ဝိလာသ တို့က ဇန်နဝါရီ ၂၂ရက်(ပြာသိုလပြည့်နေ့)မှ ဇန်နဝါရီ ၃၀ရက် (ပြာသိုလပြည့်ကျော် ၈ရက်)အထိ ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လို သူများသည် ဇန်နဝါရီ ၂၁ ရက်နောက်ဆုံးထား၍ ဖုန်း–၀၅၃–၃၈၄၆၅ သို့ စာရင်းပေးသွင်းနိုင်သည်။

မေတ္တာအေးဆရာတော်

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် ၅ လမ်း မေတ္တာအေး မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက မဟာစည်နယ်လှည့်ဓမ္မကထိက သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တသုဇာတ အရှင် သူမြတ်သည် ဇန်နဝါရီ၁၆ရက် ဝေါမြို့နယ် တမာတကေကျေးရွာဓမ္မသဘင်၊ ၁၇ရက် သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာ ဓမ္မသဘင်၊ ၁၈၊ ၁၉ရက် မင်းဘူးမြို့ ဗြဟ္မစိုရ်နာရေးကူညီမှုအသင်းဓမ္မသဘင်၊ ၂၁ရက် ခရမ်းမြို့နယ် လက်ပန်တန်းကျေးရွာ ဗုဒ္ဓပူဇနိယဓမ္မသဘင်၊ ၂၂ရက် သာယာဝတီမြို့ သမ္မာဆန္ဒဓမ္မာရုံဓမ္မသဘင်၊ ၂၃၊ ၂၄ရက် စစ်ကိုင်းမြို့နယ် လင်းတလူး ကျေးရွာ တိုက်နယ်လုံးဆိုင်ရာရွှေကျင်ဝိနည်းစာပြန်ပွဲဓမ္မသဘင်၊ ၂၅၊၂၆ရက် သုံးခွမြို့နယ် သစ်ဝင်ဆိပ်ရွာဓမ္မသဘင်၊ ၂၇ရက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး ၉၄လမ်းဓမ္မသဘင်၊ ၂၈ရက် သုံးခွမြို့နယ် တောစွန်းကျေးရွာ ဓမ္မသဘင်၊ ၂၉၊ ၃၀ရက် ကျုံပျော်မြို့နယ် အင်းမရွာ ရဟန်းခံရှင်ပြု အလှူဓမ္မသဘင်၊ ၃၁ရက် ပုသိမ်မြို့ တိုက်ကြီးကျောင်းတိုက် (၂၅)ကြိမ်မြောက် ရွှေကျင်နိကာယစာပြန်ပွဲ ဓမ္မသဘင်တို့၌ ညစဉ်၇နာရီ အချိန်မှစ၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်သည်။

(က–ပ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရန်အား အမေရိကန်သမ္မတဘုရှ်၏ စွပ်စွဲပြောဆိုမှုများ အဓိပ္ပာယ်မဲ့သောစကားများသာဖြစ်ဟု အီရန်တုံ့ပြန်

တီဟီရန် ဇန်နဝါရီ ၁၅

အီရန်နိုင်ငံက စစ်သွေးကြွများကို အားပေးအားမြှောက်ပြုလုပ်ခြင်းဖြင့် ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်နေကြောင်း အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က မှတ်ချက်ပြုပြောဆိုခြင်းကို အဓိပ္ပာယ်မဲ့သောစကားများ ပြောဆိုခြင်းဖြစ်ကြောင်း အီရန်နိုင်ငံက ဇန်နဝါရီ ၁၄ ရက်၌ ပြောကြားလိုက်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အလီဟိုစ့်နီအား တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ထိပ်တန်း

အီရန်နိုင်ငံသည် အကြမ်းဖက်ဝါဒကို ကမ္ဘာ့ထိပ်တန်းပြန့်ပွားပေးနေသည့် နိုင်ငံဖြစ်ကြောင်း၊ လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာ ပြောက်ကျားအုပ်စု၊ ပါလက်စတိုင်းရှိ ဟားမတ်စ်အုပ်စုနှင့် အီရတ်ရှိ ရှီးအိုက်စစ်သွေးကြွများအား ထောက်ပံ့ပေးခြင်းဖြင့် ငြိမ်းချမ်းရေးပျက်စီးအောင်လုပ်ဆောင်နေကြောင်း ဘုရှ်က တနင်္လာနေ့တွင် အဘူဒါဘီ၌ အစည်းအဝေးတစ်ရပ်ကျင်းပစဉ် ပြောကြားသည်။

ကြိုးစား

ဘုရှ်သည် ထင်မိထင်ရာစိုင်းနေပြီး ဒေသတွင်းမအောင်မြင်မှုများကြောင့် စိတ်ပျက်စရာကောင်းကြောင်း၊ ဘုရှ်သည် မအောင်မြင်သောမူဝါဒများကို သွေဖည်လုပ်ဆောင်ရန် ကြိုးစားနေကြောင်း၊ ဘုရှ်၏မှတ်ချက်များသည် တန်ဖိုးမရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အလီဟိုစ့်နီက ပြောကြားသည်။

ကျူးကျော်

၂၀၀၃ ခုနှစ်က အီရတ်သမ္မတ ဆက်ဒမ်ဟူစိန် ပြုတ်ကျစေရန် အမေရိကန် ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ခြင်းကြောင့် အီရတ်၌ အကြမ်းဖက်မှုများ တိုးပွားလာခြင်းကို အီရန်က အပြစ်ဆိုလိုက်ပြီး အမေရိကန်တပ်များ ရုပ်သိမ်းရန်လည်း တိုက်တွန်းလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား နိုင်ငံရေးရှုပ်ထွေးမှုကို ထင်ဟပ်ခြင်းဖြစ်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၅

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တောင်ပိုင်းတွင် ဈေးအတွင်း ဇန်နဝါရီ၁၄ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ ဦးသေဆုံးပြီး ၄၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ညွှန်ပြ

ထိုဗုံးပေါက်ကွဲမှုမှာ ကရာချိမြို့သို့ ပါကစ္စတန်သမ္မတမူရှာရက်ဖ် သွားရောက်သည့် ခရီးစဉ်နှင့် တိုက်ဆိုင်လျက်ရှိရာ ပါကစ္စတန် နိုင်ငံရေးအခြေအနေ ရှုပ်ထွေးမှုကို ထင်ဟပ်ခြင်းဖြစ်ကြောင်း အတိုက်အခံများက ပြောကြားသည်။

တိုက်ခိုက်

ကရာချိမြို့သည် ပါကစ္စတန်နိုင်ငံ၏ စက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးရာမြို့တစ်မြို့ဖြစ်ပြီး ယခင်က ဗုံးခွဲတိုက်ခိုက်မှုနည်းပါးသော မြို့လည်းဖြစ်သည်။ အဆိုပါဗုံးမှာ သစ်သီးခြင်းတစ်ခုအောက်တွင်ထားရှိပြီး ပေါက်ကွဲစေခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောကြားသည်။

ပြောကြား

ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအနီးတွင် သေဆုံးနေသူများ၊ ဒဏ်ရာရရှိသူများနှင့်အတူ သစ်သီးများ ပြန့်ကျဲလျက်ရှိကြောင်း၊ အဆိုပါနေရာအနီး တစ်ဝိုက်၌ လုံခြုံရေးအစောင့်အကြပ်များချထားကြောင်း ကရာချိမြို့ ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ကရာချိမြို့၌ ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နီပေါ ရွေးကောက်ပွဲဝင်ရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်

ခတ္တမန္ဒူ ဇန်နဝါရီ ၁၅

နီပေါ ရွေးကောက်ပွဲကော်မရှင်(အီးစီ)တွင် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်လျက်ရှိရာ ယခုအခါ နိုင်ငံရေးပါတီသစ် ၁၁ ပါတီ ရှိသွားပြီဖြစ်သည်။

သတ်မှတ်ထား

နီပေါ ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ရမည့် နောက်ဆုံးရက်ကို ဇန်နဝါရီ ၂၉ ရက် သတ်မှတ်ထားသည်။

နီပေါနိုင်ငံ ရွေးကောက်ပွဲကို လာမည့်ဧပြီ ၁၀ ရက်၌ကျင်းပရန် စီစဉ်ထားရာ နိုင်ငံရေးပါတီများအနေဖြင့် လာရောက်မှတ်ပုံတင်ကြရန် အီးစီက တိုက်တွန်းနှိုးဆော်ထားသည်။ (အင်တာနက်)

အမေရိကန်သမ္မတ အကြိုရွေးကောက်ပွဲ မဲဆွယ်မှု ဟီလာရီနှင့် အိုဘားမားတို့၏ ငြင်းခုံမှုများရပ်ဆိုင်း ရီပတ်ဘလီကင်ကိုယ်စားလှယ်လောင်းများ မဲဆွယ်လှုပ်ရှား

လာ့စ်ဗီးဂတ်စ် ဇန်နဝါရီ ၁၅

မိမိတို့နှစ်ဦး ပြည်သူများ ရပိုင်ခွင့်ဥပဒေနှင့်ပတ်သက်၍ ရေရှည်ငြင်းခုံနေကြခြင်းဖြင့် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီအနိုင်ရရေး လမ်းကြောင်းကို ထိခိုက်နိုင်သည်ဟု ပြိုင်ဘက် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့က သဘောတူညီမှုရရှိလိုက်ကြသည်။

ထို့ကြောင့် နှစ်ဦးစလုံးသည် ထိုအငြင်းအခုံလုပ်နေမှုကို ဇန်နဝါရီ ၁၄ ရက် ညတွင် အဆုံးသတ်လိုက်သည်။

စတင်

အကျယ်အကျယ် အငြင်းပွားမှုကို အိုဘားမားက စတင် ကိုယ်ရှိန်သတ်ခြင်းဖြစ်ပြီး အိုဘားမားက ဟီလာရီကလင်တန်၊ အထက်လွှတ်တော်အမတ် ဟောင်း ဂျွန်အက်ဒွပ်တို့နှင့်ပတ်သက်၍ ပြောဆိုရာတွင် ၎င်းတို့အချင်းချင်း သဘောကွဲလွဲမှုများ ရှိကောင်း ရှိနိုင်ကြောင်း၊ သို့သော် မိမိတို့သည် တူညီသော ရည်မှန်းချက်များရှိကြကြောင်း၊ မိမိတို့သည် ဒီမိုကရက်တစ်ပါတီဝင်များဖြစ်ကြောင်း၊ ပြည်သူ့အခွင့်အရေးနှင့် တန်းတူညီမျှရေးတွင် မိမိတို့အားလုံး ယုံကြည်ကြကြောင်း ထည့်သွင်း ပြောဆိုသည်။

ကြေညာ

အိုဘားမားက ယင်းသို့ ထုတ်ဖော်ပြောဆိုပြီး တစ်နာရီခန့်အကြာ ဟီလာရီကလင်တန်၏ မဲဆွယ်ရေးအဖွဲ့က လည်း အလားတူ သဘောထားမျိုးကို ထုတ်ပြန်ကြေညာခဲ့သည်။

ပြုပြင်

အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ် သမ္မတလောင်း အလားအလာရှိသူ နှစ်ဦးဖြစ်သည့် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့က ထိုသို့ သဘောထားပြုပြင်လိုက်ကြသည့်အချိန်တွင် ရီပတ်ဘလီကင်ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် ဇန်နဝါရီ ၁၅ ရက် အင်္ဂါနေ့၌ မစ်ချီဂန် အကြိုရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မဲဆွယ်မှုများ ပြုလုပ်ခဲ့သည်။

ဦးဆောင်

မဲထည့်မည့်သူများနှင့် တွေ့ဆုံမေးမြန်းခန့်မှန်းထားရာတွင် ရီပတ်ဘလီကင်ပါတီဝင် ကိုယ်စားလှယ်လောင်းများအနက် မက်ကိန်းနှင့် ရွမ်နေတို့နှစ်ဦးက မဲအပြတ်အသတ်မကွာဘဲ ရှေ့မှဦးဆောင်နေပြီး မိုက်ဟမ်ကာဘီးက တတိယနေရာမှ လိုက်နေသည်ဆို၏။ **(အင်တာနက်)**

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

ဂျကာတာ ဇန်နဝါရီ ၁၅

အင်ဒိုနီးရှားနိုင်ငံ တန်ဂျာရန်မြို့၌ အသက် ၃၂ နှစ်အရွယ် အမျိုးသမီးတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားသဖြင့် ယင်းရောဂါကြောင့် သေဆုံးသူ အင်ဒိုနီးရှားတွင် ၉၃ ဦး အထိ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ထမ်းတစ်ဦးက တနင်္လာနေ့၌ ပြောကြားသည်။

သံသယ

အဆိုပါ အမျိုးသမီးသည် ဂျကာတာမြို့ တောင်ဘက် တန်ဂျာရန်မြို့ရှိ ဆာရီအရှီဆေးရုံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသည်ဟု သံသယဖြင့် တက်ရောက်ဆေးကုသမှုခံယူခဲ့ကြောင်း၊ အမျိုးသမီး၏ မိသားစုများက နေအိမ်သို့ ပြန်ခေါ်သွားပြီးနောက် ကြာသပတေးနေ့တွင် သေဆုံးသွားကြောင်း ကျန်းမာရေးတာဝန်ရှိသူက ပြောကြားသည်။

ဖော်ပြ

အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၀၃ ခုနှစ်က ကြက်ငှက်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားခဲ့ရာ ရောဂါဖြစ်ပွားသူပေါင်း ၁၁၆ ဦး ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြသည်။ *အမ်အင်န်အေ၊ဆင်ဟွာ*

ကမ္ဘောဒီးယား၌ ဘိလပ်မြေစက်ရုံကြီးဖွင့် တစ်နှစ် တန်ချိန် ၉၆၀၀၀၀ ထုတ်လုပ်ပေးနိုင်မည်

ဖနောင်ပင် ဇန်နဝါရီ ၁၅

ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါ့ပြည်နယ်၌ တစ်နှစ်လျှင် ဘိလပ်မြေတန်ချိန် ၉၆၀၀၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံကြီးကို ကြာသပတေးနေ့က ဖွင့်လှစ်လိုက်သည်။

ပထမအဆင့်

အဆိုပါဘိလပ်မြေစက်ရုံသည် ပထမအဆင့်အဖြစ် ယခုအခါ စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း၊ ယင်းစက်ရုံမှ နိုင်ငံ၏ ဘိလပ်မြေလိုအပ်ချက် ၄၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်က ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

လိုအပ်

ကမ္ဘောဒီးယားနိုင်ငံသည် နှစ်စဉ် ဘိလပ်မြေတန်ချိန် သန်းပေါင်း၂ ဒသမ ၄ သန်း လိုအပ်နေကြောင်း၊ လာမည့်နှစ်များအတွင်း ယင်းပမာဏထက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း ဟွန်ဆင်က ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

ယင်းစက်ရုံတွင် အလုပ်သမား ၅၂၀ ရှိပြီး ကမ္ဘောဒီးယား စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းကုမ္ပဏီ စီယမ်ဘိလပ်မြေကုမ္ပဏီတို့က အမေရိကန်ဒေါ်လာ ၉၃ သန်း ရင်းနှီးမြှုပ်နှံထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်းစုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

16-1 (04) 1 1/16/08, 3:28 AM

ကင်ညာ၌ ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က အင်အားသုံးဖြိုခွဲ အကြမ်းဖက်မှုများကြောင့် လူစုလူဝေးမပြုလုပ်ရန် တားမြစ်

နိုင်ရိုဘီ ဇန်နဝါရီ ၁၅

ကင်ညာနိုင်ငံ၌ ဖြစ်ပွားခဲ့သော အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုကို ကင်ညာရဲတပ်ဖွဲ့ဝင်များသည် သေနတ်ပစ်ခတ်မှုအပါအဝင် အင်အားသုံး ဖြိုခွဲခဲ့ကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။

ကင်းလှည့်နေသောကင်ညာ ရဲတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အဆိုပါ ဆန္ဒပြမှုကို ပစ်ခတ်နှိမ်နင်းရာတွင် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့၍ ပြည်သူ ၆၀ ဝန်းကျင် သေဆုံးခဲ့ရကြောင်း ကင်ညာကြက်ခြေနီတပ်ဖွဲ့က ပြောကြားသည်။

ဖြိုခွဲခဲ့

ကင်ညာရဲတပ်ဖွဲ့ဝင်များသည် မြို့ကြီးအချို့၌လည်း ဆန္ဒပြသူများနှင့် လုယက်ရမ်းကားသူများအား ပစ်ခတ်ဖြိုခွဲခဲ့ကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။

ဆော်ဩထား

သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားခဲ့သော အိုဒင်ဂါက ဆန္ဒပြမှုများထပ်မံပြုလုပ်ရန် ဆော်ဩထားသည်။

အကြမ်းဖက်မှုများပေါ်ပေါက်

ကင်ညာသမ္မတ ကီဘာကီက ရွေးကောက်ပွဲတွင် အငြင်းပွားဖွယ် ဖြစ်နေကြောင်း ကြေညာလိုက်ပြီးနောက် အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့သည်။

တားမြစ်ထား

ထိုသို့ အကြမ်းဖက်မှုများ ပေါ်ပေါက်ခဲ့သဖြင့် လူစုလူဝေးမပြုလုပ်ရန် ရဲတပ်ဖွဲ့က တားမြစ်ထားသည်။

ပြောကြား

ကင်ညာရဲတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုများကို ထိန်းချုပ်ရန် တာဝန်ရှိသော်လည်း ပြည်သူများအား အကာအကွယ်ပေးသင့်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် ဇန်နဝါရီ ၁၂ ရက်က လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုနှစ်ခုဖြစ်ပွားခဲ့ရာ ယင်းနှစ်ခုအနက် တစ်ခုမှာ အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ နှစ်ဦး ဒဏ်ရာရခဲ့ကြောင်း အထင်ကရ သတင်းရပ်ကွက်တစ်ခုက ပြောကြားခဲ့သည်။

ဖောက်ခွဲတိုက်ခိုက်မှု နှစ်ခုစလုံးမှာ ပါလက်စတိုင်းလမ်းရှိ လူစည်ကားရာ ဘေးရှုတ်ရင်ပြင်၌ အချိန်တိုအတွင်း ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း၊ နှစ်ဦးဒဏ်ရာရပြီး အနီးအနားရှိ အရပ်သားကားများပျက်စီးခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နီပေါရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးစဉ် မြို့တော်ခတ္တမန္ဒူ၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ခတ္တမန္ဒူ ဇန်နဝါရီ ၁၅

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဇန်နဝါရီ၁၄ ရက်က လူစုအတွင်း ဗုံးတစ်လုံးပေါက်ကွဲသဖြင့် အနည်းဆုံးသုံးဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ပေါက်ကွဲသည့် ဗုံးမှာ မြို့လယ်ရှိ ရတ်နားပတ်ခြံအနီး ကားတစ်စီးပေါ်မှ ပစ်လိုက်ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

နီပေါနိုင်ငံရှိ အဓိကပါတီကြီးများကို ထောက်ခံသည့် ထောင်ပေါင်းများစွာသော ပြည်သူများသည် ဧပြီ ၁၀ ရက်တွင် ရွေးကောက်ပွဲကျင်းပရန် စတင်မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ရေးအတွက် မြို့လယ်သို့ စုရုံးရောက်ရှိလာကြခြင်းဖြစ်သည်။

မပြောနိုင်

ယင်းဗုံးပေါက်ကွဲမှုသည် မည်သူမည်ဝါ၏လက်ချက်ဖြစ်သည်ကို မပြောနိုင်သေးကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ပထမဆုံးအကြိမ်

အဆိုပါ ဗုံးပေါက်ကွဲမှုသည် နီပေါနိုင်ငံ၌ စက်တင်ဘာလက ဗုံးများဆက်တိုက်ပေါက်ကွဲခဲ့ပြီးနောက် ပထမဆုံးအကြိမ် ခတ္တမန္ဒူမြို့တွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်။ **(အင်တာနက်)**

အင်္ဂလန်နိုင်ငံ တောင်ပိုင်း၌ နှင်းမုန်တိုင်း ကျရောက်ပြီးနောက် လမ်းများပေါ်၌ ဆီးနှင်းများ ပိတ်ဆို့နေသည်ကို ဇန်နဝါရီ ၁၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ ဂျုံပြတ်လပ်မည်ကို စိုးရိမ်နေ သိုလှောင်ရုံများ၌ စောင့်ကြည့်နေရ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၅

ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ ဂျုံစားနပ်ရိက္ခာပြတ်လပ်မှု ဖြစ်ပေါ်မည်ကို စိုးရိမ်နေကြသဖြင့် အစိုးရအာဏာပိုင်များက ဂျုံများသိုလှောင်ရာ ဂိုဒေါင်များတွင် စစ်တပ်ချထားပြီး စောင့်ကြပ်စေလျက်ရှိသည်။

အစိုးရက အဆိုပါ ပြဿနာဖြစ်ပေါ်စေရန် ဖန်တီးခဲ့သည့် ဂျုံမှောင်ခိုရောင်းဝယ်သူများအား အပြစ်ဆိုခဲ့သည်။

ကြီးထွားလာနိုင်

ဂျုံသည် ပါကစ္စတန်နိုင်ငံ၏ အဓိက စားနပ်ရိက္ခာဖြစ်သည်။ ဂျုံပြတ်လပ်မှုဖြစ်ပါက အဓိကရုဏ်းဖြစ်သည်အထိ ပြဿနာကြီးထွားလာနိုင်သည်ဟု ဆိုသည်။

ယခုအခါ ပါကစ္စတန်နိုင်ငံ၌ ဂျုံအရောင်းဆိုင်ပိုင်ရှင်များအား အစိုးရက ခွင့်ပြုသည်ထက် ပိုမရောင်းချရန် အာဏာပိုင်တို့က ပြောကြားသည်။

ပေါ်ပေါက်ခဲ့

ပါကစ္စတန်နိုင်ငံ၌ ဂျုံပြတ်လပ်မှု တစ်လနီးပါးကြာ ဖြစ်ပေါ်ခဲ့ပြီးနောက် အဆိုပါပြဿနာ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံပိုင် ကော်ပိုရေးရှင်းက ယခုအခါ ဂျုံတစ်ကီလိုလျှင် ၁၈ ရူပီး (၀ ဒသမ ၃၀ ဒေါ်လာ)ဖြင့် ရောင်းချပေးလျက်ရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဂျုံတိုးဝှေ့ဝယ်ယူနေသော အမျိုးသမီးများအား တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လာအိုနှင့်ဗီယက်နမ် တိုးမြှင့်ဆောင်ရွက်မည်

ဟန္နိုင်း ဇန်နဝါရီ ၁၅

လာအိုနှင့် ဗီယက်နမ်တို့သည် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး၌ ၂၀၁၀ ပြည့်နှစ်အရောက်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ၊ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံနှင့် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ငါးဘီလီယံသို့ရောက်ရှိရန် မျှော်မှန်းထားရှိကြောင်း ဇန်နဝါရီ ၁၂ ရက်က ဗီယန်ရှင်းတိုင်းမ်မှ သတင်းထုတ်ပြန်သည်။

အနှစ်(၃၀)ပြည့်လာအို–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေးကို ဗီယန်ရှင်းမြို့၌ ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်အတွင်း ကျင်းပရာ လာအိုနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် ဗီယက်နမ်မှ ဒုတိယဝန်ကြီးချုပ်တို့ တက်ရောက်ကြရာ ပြီးခဲ့သည့်ကာလအတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုရလဒ်နှင့် ယခုနှစ်အတွင်း ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်း ဆွေးနွေးခဲ့သည်။

၂၀၀၈ ခုနှစ်အတွင်း နယ်ပယ်ကဏ္ဍစုံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ဇန်နဝါရီ ၁၀ ရက်က သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းကဏ္ဍအသီးသီး၌ စက်မှုလုပ်ငန်း၊ ရေအားလျှပ်စစ်စီမံကိန်း၊ သတ္တုတူးဖော်ရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ပညာရေးအဆင့်မြှင့်တင်ဆောင်ရွက်ရေးစသည်ဖြင့် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖော်ပြ

၂၀၀၇ ခုနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏအရ အမေရိကန်ဒေါ်လာ ၃၀၇ သန်းရရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပြည်ပဧည့်သည်များ ဖိလစ်ပိုင်သို့ ပိုမိုလာရောက်ခဲ့

မနီလာ ဇန်နဝါရီ ၁၅

ဖိလစ်ပိုင်နိုင်ငံသို့ ၂၀၀၇ခုနှစ်အတွင်း ခရီးသွားဧည့်သည်များ လာရောက်မှုသည် စံချိန်တင်မြင့်မားခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားနေရာများသို့ ပြည်ပခရီးသွားဧည့်သည် သုံးသန်းကျော်နှင့် ပြည်တွင်းခရီးသွားဧည့်သည်များစွာ လာရောက်လည်ပတ်ခဲ့ကြောင်း ဖိလစ်ပိုင်ခရီးသွားဌာနက ဇန်နဝါရီ ၁၂ ရက်၌ သတင်းထုတ်ပြန်ကြေညာသည်။ ခရီးသွားဧည့်သည် ၃ ဒသမ ၁၉ သန်းသည် လည်ပတ်လေ့လာစဉ်အတွင်း အမေရိကန်ဒေါ်လာ၄ဒသမ ၈၈၅ဘီလီယံ သုံးစွဲခဲ့ကြောင်း၊ ယင်းမှာ ပြီးခဲ့သည့်နှစ်ကထက် ၄၀ ဒသမ ၉၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ခရီးသွားလုပ်ငန်း အတွင်းရေးမှူး ဂျိုးဆက်အေ့စ်ဒူရာနိုက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပီပီပီပါတီမှ ရွေးကောက်ပွဲ အနိုင်ရသူသုံးဦး အဝါကတ်ပြပြီး အရွေးခံရမှုမှ ပယ်ဖျက်

ဗန်ကောက် ဇန်နဝါရီ ၁၅

ထိုင်းနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ပြည်သူ့အာဏာပါတီ(ပီပီပီ)မှ ကိုယ်စားလှယ်လောင်း သုံးဦးကို ထိုင်းရွေးကောက်ပွဲကော်မရှင်(အီးစီ)က အဝါကတ်ပြကာ ရွေးကောက်ပွဲအနိုင်ရမှုကို ယနေ့ပယ်ဖျက်လိုက်သည်။

သုံးဦး

ရွေးကောက်ပွဲတွင် ပါလီမန်အမတ်နေရာများအတွက် အနိုင်ရသူ ပီပီပီပါတီဝင် သုံးဦးမှာ မြောက်ပိုင်း ပရာအေးပြည်နယ်မှ ဗိုရာဝပ်၊ နီယုမ်နှင့် ပန်ဟာထိုင်းတို့ ဖြစ်သည်။ သို့သော် အဝါကတ်ပြခံရသူ ၎င်းတို့သုံးဦးမှာ ကြားဖြတ် ရွေးကောက်ပွဲတွင် ထပ်မံယှဉ်ပြိုင် အရွေးခံခွင့်ရှိသည်။ ကြားဖြတ်ရွေးကောက်ပွဲကို ဇန်နဝါရီ ၂၀ရက်တွင် ကျင်းပရန် သတ်မှတ်ပြီးဖြစ်သည်။

ကတ်ပြခံရ

ပါလီမန်အမတ်နေရာများအတွက် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ပြီး အနိုင်ရသော်လည်း အမှားအယွင်းတစ်ခုခုကြောင့် ရွေးကောက်ပွဲကော်မရှင်က အနီကတ်၊ အဝါကတ်များ ပြနိုင်သည်။ အနီကတ်ပြခံရသူသည် ကြားဖြတ် ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ခွင့်မရှိတော့။ ယခုအထိ အနိုင်ရသော်လည်း အနီကတ်ပြခံရသူ ခုနစ်ဦးနှင့် အဝါကတ်ပြခံရသူ ၂၁ဦးရှိသည်။ **(အင်တာနက်)**

ကင်ညာနိုင်ငံတွင် နိုင်ငံရေးသမားများ ရန်စောင်မှုကြောင့် ပြည်သူများ ရုန်းရင်းဆန်ခတ် ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်တို့ ခိုင်းသမျှ သမ္မတမုရှာရက်ဖ်လုပ်နေ နိုင်ငံ၌ သွေးပင်လယ်ဝေနေပြီဟု နဝပ်ရှုရစ်ဖ်ဝေဖန်

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၅

သမ္မတ ပါဗက်မူရှာရက်ဖ်သည် ပါကစ္စတန်နိုင်ငံကို ဖျက်ဆီးပစ်လိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်အတိုက်အခံခေါင်းဆောင် နဝပ်ရှုရစ်ဖ်က ရွေးကောက်ပွဲအတွက် မဲဆွယ်ဟောပြောစဉ် ဝေဖန်ပြောဆိုသည်။

ဝေဖန်ပြောကြား

အတိုက်အခံ ခေါင်းဆောင်နှင့် ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို ပြီးခဲ့သည့်လက လုပ်ကြံခံရပြီးနောက် ပထမဆုံးသော ရွေးကောက်ပွဲ မဲဆွယ်မှု မိန့်ခွန်းအဖြစ် အစ္စလာမ္မာဘတ်မြို့အနီး ထောက်ခံသူ ၃၀၀၀ တက်ရောက်သည့် လူထုစည်းဝေးတွင် နဝပ်ရှုရစ်ဖ်က အထက်ပါအတိုင်း ဝေဖန်ပြောကြားလိုက်ခြင်းဖြစ်သည်။

သွေးပင်လယ်ဝေ

ပါကစ္စတန် အတိုက်အခံခေါင်းဆောင် နဝပ်ရှုရစ်ဖ်က ဆက်လက် ပြောကြားရာတွင် သမ္မတမူရှာရက်ဖ်သည် အမေရိကန်တို့ ခိုင်းသမျှကို ဆင်ကန်းတောတိုး လျှောက်လုပ်နေကြောင်း၊ ထို့ကြောင့် ယခုအခါ ပါကစ္စတန်နိုင်ငံမှာလည်း သွေးပင်လယ်ဝေနေပြီဟုလည်း ဆက်လက် ဝေဖန်လိုက်သည်။

အတိုက်အခံခေါင်းဆောင် နဝပ်ရှုရစ်ဖ်မှာ ၁၉၉၉ ခုနှစ်က ဗိုလ်ချုပ်ကြီးမူရှာရက်ဖ် အာဏာသိမ်းပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ်အဖြစ်မှ ဖယ်ရှားခံရသူဖြစ်သည်။

မစ္စစ်ဘူတိုမကွယ်လွန်မီနှစ်လကျော်အကြာ အောက်တိုဘာလအတွင်းက ၎င်းအား ဦးတည်သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သော ကရာချိမြို့တွင် သစ်သီးများ တင်ဆောင်လာသည့် လှည်းပေါ် ဗုံးတစ်လုံးပေါက်ကွဲသဖြင့် လေးဦးသေဆုံးခဲ့သည်။ သို့သော် မည်သူ့လက်ချက် ဖြစ်သည်ဟု မသိရသေးပေ။

ပြစ်တင်ခံရဖွယ်

ရွေးကောက်ပွဲတွင် အတိုက်အခံများ အနိုင်ရပါက သမ္မတမူရှာရက်ဖ် အနေဖြင့် ပါလီမန်တွင် မေးမြန်းခံရနိုင်သည့်ပြင် စွပ်စွဲပြစ်တင်ခံရဖွယ်လည်းရှိကြောင်း အေပီက ဖော်ပြထားသည်။ **(အင်တာနက်)**

ကင်ညာနိုင်ငံတွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားနေမှု အနောက်အင်အားကြီးနိုင်ငံများကို တရုတ်ပြစ်တင်

ပေကျင်း ဇန်နဝါရီ ၁၅

အာဖရိကတိုက်အနေဖြင့် အနောက်နိုင်ငံများကဲ့သို့ ဒီမိုကရေစီနှင့်မထိုက်တန်သေးကြောင်းကို ကင်ညာနိုင်ငံ၏ ရုန်းရင်းဆန်ခတ်အခြေအနေက ပြသရာရောက်ကြောင်းကို စွမ်းအင်နှင့် ဓာတ်သတ္တုလိုအပ်နေသော ပေကျင်း၏နိုင်ငံရေးတွင် လက်ရှောင် ကျင့်သုံးမှုကို မီးမောင်းထိုးပြလျက် အာဖရိကအစိုးရများအား ဆွယ်တရားဟောခဲ့သည်ကို တရုတ်အစိုးရထုတ် သတင်းစာ တစ်စောင်တွင် ရေးသားဖော်ပြခဲ့သည်။

ကင်ညာသမ္မတကီဘာကီက အကွက်ဆင်လုပ်ဆောင်ခဲ့သည်ဟု ဝေဖန်ရေးသမားတို့က ဝေဖန်ပြောကြားခဲ့သော ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၇ရက် ရွေးကောက်ပွဲကျင်းပပြီးနောက် ကင်ညာနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအပေါ် တရုတ်က ညင်သာစွာ ရှုမြင်သုံးသပ်ခဲ့သည်။

ကင်ညာနိုင်ငံတွင် နိုင်ငံရေးသမားများ ရန်စောင်မှုကြောင့် ယနေ့အထိ လူ၆၀၀နီးပါး သေဆုံးခဲ့ရသော ထိပ်တိုက်ရင်ဆိုင်မှုကို အဆုံးသတ်ရန် ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့က တိုက်တွန်းခဲ့ကြသည်။

ပြန်လည်ပြစ်တင်

သို့သော်လည်း အာဖရိကတွင် ကျွန်စနစ်သွတ်သွင်းခဲ့ပြီး အနောက်တိုင်းပုံစံ ဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပစေခဲ့သည်။ အနောက်အင်အားကြီးနိုင်ငံများသည် ၎င်းတို့ကိုယ်တိုင်ပင် ပြန်လည်ပြစ်တင်ရမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့နေ့စဉ် သတင်းစာက ဖော်ပြခဲ့သည်။

အနောက်တိုင်း ဒီမိုကရေစီကို အာဖရိကတွင် အစားထိုးပြောင်းလဲရန် ကြိုးစားခြင်းသည် ယင်းဒေသအခြေအနေများနှင့် မသင့်တော်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြားတွင် မျိုးစေ့ကြဲသည်နှင့်တူကြောင်း ယင်းသတင်း၌ ဖော်ပြခဲ့သည်။

အမ်အင်န်အေ၊ ရိုက်တာ

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကြမ္မာရဟတ် တစ်ပတ်လည်

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်အရှေ့တောင်ပိုင်းကမ်းရိုးတန်းရှိ မီယာမီမြို့သည် အပန်းဖြေစခန်းရှိသော ကမ်းခြေမြို့ဖြစ်သည်။ ထိုမြို့တွင် သာယာလှပမှုများဖြင့် ပြည့်နှက်နေသည်။ ပြည်တွင်းပြည်ပမှ လာရောက်အပန်းဖြေသူများဖြင့်လည်း အမြဲတစေ စည်ကားနေလေ့ရှိသည်။

ရိုးအီခြင်းမရှိ

မီယာမီမြို့တွင် ဟာရဲလ်ဖရန်ကလင်း ဘရက်ဒီ **(အပေါ်ယာပုံ)** နေထိုင်ကြီးပြင်းခဲ့သည်။ မြို့၏ အလှအပမြင်ကွင်းများသည် ဘရက်ဒီအဖို့ မည်သည့်အခါမျှရိုးအီသွားခြင်းမရှိပေ။

သို့သော် အသက်၅၈နှစ်အရွယ်တွင် ဘရက်ဒီအဖို့ ၎င်းခံစား၍မဝနိုင်သည့်ယင်းအလှအပများကို တစ်သက်တာ မခံစားနိုင်တော့မည့်အဖြစ်နှင့် ကြုံတွေ့ခဲ့ရသည်။ သူ၏ မိုက်မဲစွာ ကျူးလွန်ခဲ့သော အမှားကြီးတစ်ခုကြောင့် သူ၏ဘဝမှာ နေထိပန်းနှယ် နွမ်းခြောက်ကာ ဘဝ သေခဲ့ရပေပြီ။ ထိုစဉ်ကသာ တဒင်္ဂဒေါသကို ထိန်းနိုင်ခဲ့လျှင် အဘယ်မျှ ကောင်းလိုက်မည်နည်းဟု မကြာခဏဆိုသလို သူစဉ်းစားကာ နောင်တရမိသည်။ အတိတ်ကို ပြန်လည် တူးဆွမိပြန်တော့ လွန်ခဲ့သော ကိုးနှစ်နီးပါး ၁၉၉၈ ခုနှစ်က ဖြစ်ရပ်များဆီသို့ ပြန်လည်ရောက်ရှိသွားပြန်တော့သည်။

အထီးကျန်ဆန်

အဆိုပါ ဖြစ်ရပ်၏အစမှာ သူ့အသက်၄၅နှစ် အရွယ်တွင် ဇနီးဖြစ်သူ သေဆုံးသွားပြီး တစ်နှစ်အကြာ ၁၉၉၅ ခုနှစ်တွင် သားသမီး မထွန်းကားသော ဘရက်ဒီအနေဖြင့် ဘဝတွင် အထီးကျန်ဆန်မှုကို ကြာရှည်မခံစားနိုင်သည့်အဆုံး အိုးသစ်အိမ်သစ်ထူထောင်မိတော့သည်။

မုဆိုးဖိုဖြစ်သူ ဘရက်ဒီမှာ ထိုစဉ်က ၄၆နှစ် အရွယ်ရှိနေပြီး ဇနီးသည်မှာ အသက်၃၁နှစ် အရွယ်ရှိ မေကွတ်စ်ဆိုသူဖြစ်ပြီး သမီးတစ်ယောက်မိခင် မုဆိုးမတစ်ဦး ဖြစ်သည်။ ကလေးမှာ အသက်ငါးနှစ်အရွယ် ရှိသည်။

အလွန်အကျွံ

ဘရက်ဒီသည် ရိုးသား အေးဆေးပြီး ဇနီးအပေါ်တွင်လည်း ကြင်နာကာ ၎င်း၏ မယားပါသမီးကိုလည်း သမီးအရင်းနှင့်မခြား ပြုစုစောင့်ရှောက်ခဲ့သည်။ ဘရက်ဒီ၏ အိမ်ထောင်ရေးသည် ၁၉၉၇ခုနှစ်အထိ သီရိဂေဟာ ကလေးသဖွယ် ပျော်ရွှင်မှုအတိပြီးနေခဲ့သည်။ ဘရက်ဒီတွင် အဓိက ချို့ယွင်းချက်တစ်ခုမှာ အရက်ကို တစ်ခါတစ်ရံ လူမှန်းမသိအောင် အလွန်အကျွံ သောက်သုံးတတ်မှုဖြစ်သည်။

ဇနီးသည်မှာမူ သူမ၏ တာဝန်ဝတ္တရားများမပျက်သကဲ့သို့ ကိုယ်ကျင့်သိက္ခာတရားကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်ခဲ့သူဖြစ်သည်။ ခင်ပွန်းသည်၏ သဝန်တိုစိုးရိမ်စိတ်ကြောင့် ပြဿနာ မကြာခဏ ဖြစ်ပွားကာ ၁၉၉၈ခုနှစ်တွင် အိမ်ထောင်ရေး အက်ကြောင်းထင်ခဲ့ရတော့သည်။

ထောင်ဒဏ် နှစ်၅၀

၁၉၉၈ခုနှစ် အောက်တိုဘာလဆန်းတွင်မူ သူ၏ သဝန်ကြောင်မှုကြောင့် ခိုက်ရန်ဖြစ်ပွားစဉ် သူ့အားနှင်ထုတ်သော ဇနီးသည်ကို ဒေါသထွက်ကာ ရိုက်နှက်ပြီး ဘရက်ဒီသည် အသက်ငါးနှစ် သမီး **(အပေါ်ဝဲပုံ)** အား ခေါ်ဆောင်သွားပြီး ဖလော်ရီဒါပြည်နယ် တောင်ပိုင်းရှိ မိကျောင်းများကျက်စားရာ အဲဗား ဂလိတ်ညွှန့်အိုင်အတွင်းသို့ပစ်ချခဲ့တော့သည်။ နှစ်ရက်အကြာတွင် ယင်းကလေးငယ်၏ ဦးခေါင်းခွံကြေမွကာ ဘယ်ဘက်လက်မရှိတော့သော ခန္ဓာကိုယ်သာ တွေ့ရတော့သည်။ ရှစ်နှစ်နီးပါး ထွက်ပြေးတိမ်းရှောင်ခဲ့သော ဘရက်ဒီကို ၂၀၀၆ ခုနှစ်တွင်ဖမ်းဆီးခံခဲ့ရသည်။ ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၆ရက်တွင် တရားရုံးက ၎င်းအားဇနီးကိုသတ် ရန်ကြိုးပမ်းမှုဖြင့် ထောင်ဒဏ်အနှစ် ၃၀၊ ကလေးငယ်အား သေကြောင်းကြံစည်ခဲ့မှုအတွက် ၁၅နှစ်၊ ပြစ်မှု ကျူးလွန်ပြီး လွတ်မြောက်ထွက်ပြေးရန် ကြံစည်မှုဖြင့် ငါးနှစ် စုစုပေါင်း ထောင်ဒဏ် နှစ် ၅၀ ချမှတ်ခံခဲ့ရသည်။

သတိပြုဆင်ခြင်

ဤဖြစ်ရပ်တွင် တဒင်္ဂဒေါသကို မထိန်းဘဲ မဆင်မခြင် ပြစ်မှုကျူးလွန်ခဲ့သူဘရက်ဒီအနေဖြင့် ကြမ္မာရဟတ် တစ်ပတ်ပြန်လည်ခဲ့သည်ကား လူတိုင်း သတိပြု ဆင်ခြင်ဖွယ်ဖြစ်ကြောင်း မီးမောင်းထိုးပြနေပေတော့သည်။ ။

ချစ်စိုးနိုင် –ကိုးကားရေးဖွဲ့သည်

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲ ၂၇ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ပြောကြား

ယာလာ ဇန်နဝါရီ ၁၅

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် ဇန်နဝါရီ ၁၅ရက်နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၂၇ဦးဒဏ်ရာရရှိသွားကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့ ဗုံးပေါက်ကွဲမှုမှာ ယာလာ ပြည်နယ် ယာလာမြို့ဈေးအတွင်း ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ထိုဗုံးမှာ မော်တော်ဆိုင်ကယ် တစ်စီးပေါ်တွင် ချည်နှောင်ထားသောဗုံးများ ပေါက်ကွဲခြင်းဖြစ်ကြောင်း ထိုင်းရဲအရာရှိများက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရမှုမရှိ

ထို့အတူ ထိုင်းတောင်ပိုင်း နာရာသီဝတ်ပြည်နယ် ချန်အီခရိုင်တွင်လည်း ဇန်နဝါရီ ၁၅ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ယခုဗုံးပေါက်ကွဲမှုများမှာ ဇန်နဝါရီ ၁၄ရက်က ထိုင်းနိုင်ငံတောင်ပိုင်း၌ ထိုင်းတပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခံရ၍ တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးရပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ယူအေအီး၌ ပြင်သစ်စစ်အခြေစိုက်စခန်းထားရှိမည်

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တွင် ပြင်သစ်တို့က စစ်အခြေစိုက် စခန်းတစ်ခုထားရှိရေးအတွက် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်တော့မည်ဖြစ်ကြောင်း ပြင်သစ်ရေတပ်အရာရှိများက ပြောကြားသည်။

ပြင်သစ်သမ္မတနီကိုလက်စ်အနေဖြင့် ယူအေအီးသို့ မကြာမီအချိန်အတွင်း အလည်အပတ်သွားရောက်စဉ် အဆိုပါအခြေစိုက်စခန်းများထားရှိရေးစာချုပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

တရုတ်နှင့်ချက်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မည်

တရုတ်နှင့် ချက်သမ္မတနိုင်ငံ အကြား သံတမန်ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးအောင် ကြိုးစားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံတော်ကောင်စီဝင် ဟွာကျန်မင်းက ပြောကြားသည်။

ချက်သမ္မတနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်နိုင်ငံတော် ကောင်စီဝင် ဟွာကျန်မင်းက ချက်သမ္မတနိုင်ငံဝန်ကြီးချုပ်မီရက်ခ်တိုပိုလက်စ်နှင့် တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်မှုမှ စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆွေးနွေးခဲ့သည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၅–၁–၂၀၀၈

ပြင်သစ်နှင့်ကာတာတို့ စွမ်းအင်ဆိုင်ရာစာချုပ်ချုပ်

ပြင်သစ်နှင့်ကာတာနှစ်နိုင်ငံတို့အနေဖြင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုလိုက်ကြသည်။

ပြင်သစ်နှင့်ကာတာနိုင်ငံတို့သည် နျူကလီးယားစွမ်းအင်ရရှိရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စွမ်းအင်ရှာဖွေမှုနှင့် အစားထိုးမှုဆိုင်ရာလုပ်ငန်းကဏ္ဍများတွင်လည်း နှစ်နိုင်ငံလက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ဘနွန်ကိစ္စအာရပ်အဖွဲ့ချုပ်ကပူးပေါင်းဖြေရှင်းမည်

ဆီးရီးယားနိုင်ငံသည် အာရပ်အဖွဲ့ချုပ်နှင့်အတူ လက်ဘနွန်နိုင်ငံ၏ အကျပ်အတည်းကို ဝိုင်းဝန်းဖြေရှင်းသွားမည်ဖြစ်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိ တစ်ဦးက ပြောကြားလိုက်သည်။

အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် မူဆာသည် လက်ဘနွန်နိုင်ငံသို့ အလည်အပတ် ရောက်ရှိနေပြီး ဆီးရီးယားနိုင်ငံအနေဖြင့် လက်ဘနွန်အကျပ်အတည်းကို ဖြေရှင်းရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီးနောက် ဆီးရီးယားက အပြုသဘော တုံ့ပြန်ပြောကြားခဲ့သည်။

ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာငွေ တန်ဖိုးကျဆင်းလျက်ရှိရာ ယူရိုငွေကြေးနှင့်နှိုင်းယှဉ်ရာတွင် တစ်ယူရိုလျှင် ၁ဒသမ၄၈၇၇ဒေါ်လာအထိ ကျဆင်းခဲ့သည်။

ထို့အတူဂျပန်ယန်းငွေနှင့်နှိုင်းယှဉ်လျှင် ဂျပန်ယန်းငွေ ၁၀၈ဒသမ၂၈ယန်း လျှင် အမေရိကန်တစ်ဒေါ်လာရှိနေရာ ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန် ငွေကြေးတန်ဖိုး အနည်းငယ်ကျဆင်းလျက်ရှိသည်။

သီရိလင်္ကာတပ်ဖွဲ့ သူပုန်များအားတိုက်ခိုက်

သီရိလင်္ကာ အစိုးရတပ်ဖွဲ့များက နိုင်ငံမြောက်ပိုင်းရှိ မူလေတီဗျူပြည်နယ်ရှိ တမီးလ်ကျားသူပုန်များရှိရာနေရာများသို့ လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

သီရိလင်္ကာလေတပ်မှ ဂျက်တိုက်လေယာဉ်များက တမီးလ်ကျားသူပုန်များ၏ စစ်အခြေစိုက်စခန်းများကို လေကြောင်းမှ တိုက်ခိုက်သည့်အပြင် မြေပြင်မှစစ်ဆင်ရေးများကိုလည်း ဆင်နွှဲခဲ့ရာ တမီးလ်ကျားသူပုန်များ အများအပြားသေဆုံးသွားကြောင်း သီရိလင်္ကာစစ်ဘက်အရာရှိများက ဆက်လက်ပြောကြားသည်။

ပင်လယ်ကူးလုပ်ငန်းဖွံ့ဖြိုးရေးအိန္ဒိယဆောင်ရွက်မည်

အိန္ဒိယက ပင်လယ်ကူးသင်္ဘောလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ပင်လယ်ကူးသင်္ဘောများပြင်ဆင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သွားမည်ဖြစ်ပြီး အာရှ၌ ပင်လယ်ကူးသင်္ဘောလုပ်ငန်းဈေးကွက်ပိုမိုရရှိလာစေရန် ကြိုးစားသွားမည်ဟု အိန္ဒိယ ပင်လယ်ရေကြောင်းသွားလာရေးလုပ်ငန်းဆိုင်ရာအရာရှိများကပြောကြားသည်။

ရွှေကမ္ဘာလုံးရုပ်ရှင်အကောင်းဆုံးဆုပေးပွဲကျင်းပ

ကယ်လီဖိုးနီးယား ဇန်နဝါရီ ၁၅

(၆၅)ကြိမ်မြောက် ရွှေကမ္ဘာလုံးရုပ်ရှင်အကောင်းဆုံးဆုများကို ဇန်နဝါရီ ၁၄ရက်က ထုတ်ပြန်ကြေညာလိုက်ပြီးဖြစ်ရာ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပသည့် ကယ်လီဖိုးနီးယားပြည်နယ် ဘာဘလီဟေးစ်ရှိ ဟီလ်တန်ဟိုတယ်ခန်းမသို့ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်များ၊ ရုပ်ရှင်ကားထုတ်လုပ်သူများ၊ ဒါရိုက်တာများ တက်ရောက်ကြသည်။



အကောင်းဆုံး သရုပ်ဆောင် အမျိုးသားဆု ဆွတ်ခူးရရှိသွားသော ဒန်နီရယ်ဒေးလူးဝစ်။

အဆိုပါ ရွှေကမ္ဘာလုံးရုပ်ရှင်ဆုပေးပွဲအခမ်းအနားသို့ Atonement ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ကား(ဇာတ်လမ်း)ဆု ရရှိသူများ၊ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် ဗြိတိသျှရုပ်ရှင်မင်းသမီးများဖြစ်ကြသော ကီရာနိုက်တလီနှင့် ဂျိမ်းခ်မက်အဗွိုင်းတို့လည်း တက်ရောက်ကြသည်။

SweeneyTodd ဇာတ်ကားဖြင့် အကောင်းဆုံးဟာသ သရုပ်ဆောင်ဆု ဆွတ်ခူးခဲ့သော ဂျွန်နီဒက်ပ်နှင့် သရုပ်ဆောင် ကာတာတို့လည်း ပါဝင်တက်ရောက်ခဲ့သည်။

တက်ရောက်

ထို့အပြင် The Will Be Blood ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆု(ဇာတ်လမ်း) ရရှိသူ ဒန်နီရယ်ဒေးလူးဝစ်၊ Away From Her ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု(ဇာတ်လမ်း)ရရှိသူ ဗြိတိသျှရုပ်ရှင် သရုပ်ဆောင် မင်းသမီးဂျူလီခရစ္စတီး၊ No Country For Old Men ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆု ရရှိသူ ဂျာဗီယာဘာဒမ်၊ I'm Not There ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ရရှိသူ ဩစတြေးလျရုပ်ရှင်မင်းသမီး ကိတ်ဘရန်ချက်တို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ အခြားသော နာမည်ကြီးသရုပ်ဆောင်များ၊ ရုပ်ရှင်ချစ်သူများ တစ်ခဲနက်တက်ရောက်အားပေးခဲ့ကြသည်။ **(အင်တာနက်)**

အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆု ဆွတ်ခူးသွားသော ကိတ်ဘရန်ချက်။

ထူးခြားဖြစ်စဉ်ကမ္ဘာတစ်ခွင်

- **တရုတ်နိုင်ငံ ကျိကျင်းစီရင်စုရှိ ဂူဘောဟူကျေးရွာ၌ ဇန်နဝါရီ ၁၄ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ ၁၁ဦးသေဆုံးပြီး နေအိမ်များ ပျက်စီးခဲ့သည်။**
- ဗြိတိန်နိုင်ငံ မစ်ဒယ်တောင်းမြို့၌ ဇန်နဝါရီ ၁၄ရက်က နှင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ လေယာဉ်ခရီးစဉ်များဖျက်သိမ်းခဲ့ရပြီး မော်တော်ယာဉ်များ သွားလာမှု ရပ်ဆိုင်းခဲ့သည်။
- **ပီရူးနိုင်ငံ ကူစကိုပြည်နယ် ကွီလာဘမ်ဘာမြို့၌ ဇန်နဝါရီ ၁၅ရက် နံနက်က မော်တော်ယာဉ်တစ်စီး အရှိန်လွန်ပြီး မြစ်အတွင်း ထိုးကျခဲ့ရာ ကိုးဦး သေဆုံးခဲ့သည်။**

အီဂျစ်နိုင်ငံမှ ဗြိတိန်နိုင်ငံသို့ ခုတ်မောင်းလာသော ကုန်တင်သင်္ဘောတစ်စင်း ဇန်နဝါရီ ၁၄ရက်က မုန်တိုင်းမိပြီးနစ်မြုပ်ခဲ့ရာ သင်္ဘောသား ၂၀ကို ကယ်တင်နိုင်ခဲ့သည်။

- အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို လေဆိပ်၌ ဇန်နဝါရီ ၁၄ရက်က လေယာဉ်ငယ်တစ်စင်း ဆင်းသက်စဉ် လေဆိပ်အဆောက်အအုံတစ်ခုနှင့် ဝင်တိုက်မှုဖြစ်ပွားရာ ထိခိုက်မှု မရှိသော်လည်း လေယာဉ်ဦးပိုင်းပျက်စီးခဲ့သည်။
- **ဘရာဇီးနိုင်ငံ ဆော်ပေါလိုပြည်နယ်တွင် ဇန်နဝါရီ ၁၄ ရက်က အင်အားပြင်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ လေးဦးသေဆုံးပြီး နေအိမ်ရာပေါင်းများစွာပျက်စီးကာ ဒေသခံ ၁၅၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။**
- အသက်(၇၇)နှစ်အရွယ် မင်ဘာဟာဒူ ရာရှီရာချန်အမည်ရှိ အမျိုးသားကြီးသည် နီပေါနိုင်ငံ၏ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ပေါ်သို့ ဇန်နဝါရီ၁၄ရက်က အောင်မြင်စွာတက်ရောက်နိုင်ခဲ့ရာ ဧဝရက်တောင်ထိပ်သို့ တက်ရောက်သည့် အသက်အကြီးဆုံးလူသားအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့သည်။
- **ချီလီနိုင်ငံ ဗာပါရာရီဆိုမြို့တွင် ဇန်နဝါရီ ၁၄ရက်က သစ်တောမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ ၂၈ဦးဒဏ်ရာရရှိပြီး နေအိမ် ၇၀ မီးလောင်ခံခဲ့ရသည်။**

နီပေါနိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်

နီပေါနိုင်ငံရွေးကောက်ပွဲကို ဧပြီလတွင် ကျင်းပတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲပြီးလျှင် စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးနေသည့် နီပေါနိုင်ငံကို သမ္မတနိုင်ငံအဖြစ် ကြေညာတော့မည်။

ဆုံးဖြတ်

ထိုအခါ ၁၇၆၉ခုနှစ်ကစခဲ့သည့် နီပေါမင်းဆက်မှာ လက်ရှိနီပေါဘုရင် ဂျာနင်ဒရာလက်ထက်၌ အဆုံးသတ်ပေတော့မည်။ ယင်းသို့စီစဉ်ရန် နီပေါပါလီမန်က ဒီဇင်ဘာ၂၈ရက်တွင် ဆုံးဖြတ်ခဲ့သည်။

အမတ်ဦးရေ ၃၇၁ဦးရှိသည့် နီပေါပါလီမန်က အမတ်သုံးဦးကသာ ထိုအဆိုကိုကန့်ကွက်မဲပေးပြီး အမတ်ပေါင်း ၂၇၀က ထောက်ခံကာ မဲအပြတ်အသတ် ထောက်ခံမဲပေး ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ရပ်ဆိုင်း

ဘုရင်စနစ် မဖျက်မချင်း အစိုးရအဖွဲ့တွင်းသို့ ပြန်မဝင်ဟုဆုံးဖြတ်ကာ မော်ဝါဒီများက စက်တင်ဘာလတွင် အစိုးရအဖွဲ့မှနုတ်ထွက်သည်။ သူတို့သည် လူ၁၃၀၀၀သေဆုံးစေသည့် ၁၀နှစ်ကြာပုန်ကန်မှုကို ပြီးခဲ့သည့်နှစ်က ရပ်ဆိုင်းခဲ့သည်။

နီပေါဘုရင်ဂျာနင်ဒရာမှာ ၂၀၀၅ ခုနှစ်တွင် နီပေါအစိုးရအဖွဲ့ကို ဖယ်ရှားပြီး အကြွင်းမဲ့အာဏာကိုရယူလိုက်သောအခါ ပြည်သူ့ထောက်ခံမှု လက်လွတ်ဆုံးရှုံးသွားရသည်။

နီပေါဘုရင်က နီပေါနိုင်ငံကိုသမ္မတနိုင်ငံအဖြစ် ကြေညာရေးကိစ္စကို ဧပြီလရွေးကောက်ပွဲအပြီး ဖွဲ့စည်းသည့် တိုင်းပြုပြည်ပြု လွှတ်တော်ကသာ ဆုံးဖြတ်ရန် မူလကသဘောတူကြသည်။ သို့သော် မော်ဝါဒီများက ထိုကိစ္စကို ချက်ချင်းဆုံးဖြတ်စေလိုသည်။ နိုင်ငံရေးပါတီများက လက်ခံလိုက်ပြီး မော်ဝါဒီများလည်း အစိုးရအဖွဲ့သို့ ပြန်ဝင်သည်။

မည်သို့ပင်ဖြစ်စေ တိုင်းပြုပြည်ပြုလွှတ်တော်သစ်က ဘုရင်စနစ်ဖျက်သိမ်းကြောင်း တရားဝင်ကြေညာသည်အထိတော့ ဘုရင်ဂျာနင်ဒရာမှာ နီပေါဘုရင်အဖြစ် ရှိနေဦးမည်ဖြစ်သည်။

သတ်ဖြတ်မှုကျူးလွန်

လက်ရှိ နီပေါဘုရင်မှာ ၂၀၀၁ ခုနှစ်ဇွန်လက နီပေါနန်းတွင်းအရေးတော်ပုံအပြီး ထီးနန်းဆက်ခံသူဖြစ်သည်။ နန်းတွင်းအရေးတော်ပုံမှာလည်း ရှုပ်ရှုပ်ထွေးထွေးမဟုတ်၊ အသက်(၂၉)နှစ်အရွယ် အိမ်ရှေ့မင်းသားဒီပင်ဒရာက အရက်နှင့် မူးယစ်ဆေးသုံးကာ ညစာစားပွဲတွင် ရမ်းကားသတ်ဖြတ်မှုကျူးလွန်ခြင်းဖြစ်သည်။ သူ့ကိုယ်သူမပစ်သတ်မီ ဖခမည်းတော် နီပေါဘုရင်ဂျာနင်ဒရာနှင့် မယ်တော်မိဘုရားကြီးအပြင်တော်ဝင်မိသားစုခုနစ်ဦးတို့ကို သေနတ်ဖြင့်ပစ်သတ်ခြင်း ဖြစ်သည်။

နီပေါဘုရင် နတ်ရွာစံပြီးနောက် ညီတော် လက်ရှိဘုရင် ဂျာနင်ဒရာက နီပေါထီးနန်းကို ဆက်ခံသည်။ သူသည် မော်ဝါဒီသူပုန်တို့၏ ပယောဂကြောင့် ယိုယွင်းနေသည့် နိုင်ငံကို အမွေဆက်ခံရခြင်းဖြစ်သည်။

ခန့်ထားတာဝန်ပေး

မော်ဝါဒီ သူပုန်များကလည်း စည်းမျဉ်းခံဘုရင်စနစ်ကို ကွန်မြူနစ်သမ္မတနိုင်ငံဖြင့် အစားထိုးလိုသည်။ သူပုန်တို့က ဆူပူမှုများကို တိုးမြှင့်ဖန်တီးသည်။ ဘုရင်ဂျာနင်ဒရာသည် အစိုးရအဖွဲ့အနေဖြင့် မော်ဝါဒီသူပုန်များကို ကောင်းစွာ မနှိမ်နင်းနိုင်၊ စေ့စပ်အဖြေရှာလည်း မပေးနိုင်ဆိုကာ ၂၀၀၂ခုနှစ် အောက်တိုဘာလတွင် ပြည်သူရွေးချယ်တင်မြှောက်သည့် အစိုးရကို ဖယ်ရှားပြီးနောက်ပိုင်း၊ ဝန်ကြီးချုပ်တစ်ယောက်ကို ခန့်ထားတာဝန်ပေးသည်။ အရေးပေါ်အခြေအနေကို ကြေညာသည်။

ဦးတည်ဖန်တီး

နီပေါနိုင်ငံ၌ ဘုရင်နှင့်တကွ ဘုရင်စနစ်ကိုလိုလားသူများက တစ်အုပ်စု၊ နိုင်ငံရေးပါတီများက တစ်အုပ်စု၊ မော်ဝါဒီသူပုန်တို့က တစ်အုပ်စုကဲ့သို့ ရှိနေချိန်၌ နီပေါဘုရင်၏ အာဏာချုပ်ကိုင်တင်းကျပ်မှုကြောင့် နိုင်ငံရေးပါတီများနှင့် မော်ဝါဒီတို့ပူးပေါင်းကာ ဘုရင်စနစ် ဖျက်သိမ်းရေးကို ဦးတည်ဖန်တီးလာခြင်းဖြစ်သည်။

လူဦးရေ ၂၆သန်းခွဲရှိသော နီပေါနိုင်ငံ ပြည်သူအများစုမှာ လယ်ယာလုပ်ငန်းအပေါ် မှီခိုနေရပြီး ပြည်သူ ၄၀ ရာခိုင်နှုန်းမှာလည်း ဆင်းရဲမှုသတ်မှတ်ချက် စံနှုန်းအောက်တွင်ရှိသည်။ သို့သော် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်နှင့် သာယာဖွယ် ဟိမဝန္တာရှုခင်းတို့သည်လည်းကောင်း၊ ဗုဒ္ဓဘာသာနှင့်ဟိန္ဒူဘာသာယဉ်ကျေးမှုအမွေအနှစ်များသည်လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည်များကို အထူးစိတ်ဝင်စားစေသည့် အားသာချက်များကလည်းကောင်း နီပေါနိုင်ငံ၏ အတုမဲ့ရတနာများ ဖြစ်ပါသည်။ ။

သတင်းအက်ဆေး — တိုး-စုစည်းရေးသားသည်

အမျိုးသားအကျိုးစီးပွားကို မီဒီယာစွမ်းပကားဖြင့် ကာကွယ်ထိန်းသိမ်း အဆင့်အတန်းမြင့်မားသည့်အတွေးနှင့် အမျိုးသားရေးအမြင်တို့ဖြင့် စာပေလောကဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်

ရန်ကုန် ဇန်နဝါရီ ၁၅

ဒုတိယအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၇) စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၏ ဇမ္ဗူရဗ်ရွှေစင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီနာယကများ၊ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြန်မာစာအဖွဲ့၊ မြန်မာ့သမိုင်းကော်မရှင်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံ ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် စာပေဆု ရရှိကြသူများ တက်ရောက်ကြသည်။

မှန်ကန်သောမီဒီယာ

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယနေ့ခေတ်သည် မီဒီယာခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံတိုင်းသည် မီဒီယာ၏ ထိုးဖောက်မှုကိုခံနေရပြီး ပြည်သူများ၊ လူငယ်များအပေါ် သြဇာလွှမ်းမိုးမှုရှိကြောင်း၊ မီဒီယာ၏ စွမ်းပကားကြောင့် ဘဝမှန်ရောက်ကာ တိုးတက်မှုရစေသကဲ့သို့ ဘဝလမ်းကြောင်းပျောက်ကာ ပျက်စီးသည်အထိလည်း ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မှန်ကန်သော မီဒီယာကို အသုံးပြုလျက် အမျိုးသားအကျိုးစီးပွားတိုးတက်အောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရန် အရေးကြီးကြောင်း။

ထိန်းသိမ်းမြှင့်တင်

နိုင်ငံတော်က စာပေလောကတိုးတက်မြင့်မားစေရေးအတွက် အမျိုးသား စာပေဆုအပါအဝင် စာပေဆုများကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသကဲ့သို့ စာပေဆုရသူများအား ဆုငွေများ တိုးမြှင့်၍ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများက စာပေလောက တိုးတက်စေရန် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုသည့် အနေဖြင့် ယခုကဲ့သို့ စာပေဆုများကို ရွေးချယ်ချီးမြှင့်နေသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိပြီး အမျိုးသား အကျိုးစီးပွားဘက်က ရပ်တည်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံနှင့် လူမျိုးအကျိုးအတွက် အလားတူ ဖော်ဆောင်လျက်ရှိကြောင်း၊ မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို မီဒီယာစွမ်းပကားဖြင့် ကာကွယ်ရပ်တည် ထိန်းသိမ်းကြရန်လိုကြောင်း၊ စာပေလောကသားများသည် အရည်အသွေးကောင်းမွန်ပြီး အဆင့်အတန်းမြင့်မားသည့် အတွေးနှင့် အမျိုးသားရေးအမြင်တို့ဖြင့် စာပေလောက ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံနှင့် လူမျိုးဂုဏ်ကို ထိန်းသိမ်းမြှင့်တင်သွားကြရန် အရေးကြီးကြောင်း၊ ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအား စာပေဖြင့် အသိပညာကြွယ်ဝရေး၊ ဘဝအမြင်ထက်သန်ရေးတို့ကို အထောက်အကူပြုနေသည်ဖြစ်၍ နိုင်ငံတော်ကရော မိမိတို့ ဝန်ကြီးဌာနကပါ ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ စာပေဆု ရွေးချယ်ရေးကော်မတီနာယက ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာပေဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်းက စာပေဆုရွေးချယ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဒုတိယအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၇) စာပေဆုချီးမြှင့်ပွဲတွင် သမိုင်းဘာသာရပ် (အင်္ဂလိပ်ဘာသာ)ဆုရ ဒေါ်ကြန်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တင်ပြ

ဆက်လက်၍ စာပေဆုရွေးချယ်ရေး ကော်မတီအတွင်းရေးမှူး ဦးမျိုးသန့်(မောင်ဆုရှင်)က စာပေဆုရ စာအုပ်များနှင့် စာမူများအပေါ် ဆုရွေးချယ်ရေးကော်မတီ၏ မှတ်ချက်အကျဉ်းကို ရှင်းလင်းတင်ပြသည်။

စာပေဆုများချီးမြှင့်

ထို့နောက် ဒုတိယအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၇) စာပေဆုများကို ချီးမြှင့်ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက **“ကိုယ်နှင့်သက်ကိုနှင်းဆက်အပ်မည်”** စာအုပ်ဖြင့် အတ္ထုပ္ပတ္တိဘာသာရပ်ဆုရ မိုးမိုးတာရောစန်အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက Selected Writings of Daw Kyan (Binlingual) စာအုပ်ဖြင့် သမိုင်းဘာသာရပ်(အင်္ဂလိပ်ဘာသာ)ဆုရ ဒေါ်ကြန်အား လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက “မြန်မာမှု သုတေသန”စာအုပ်ဖြင့် ယဉ်ကျေးမှုဘာသာရပ် ဆုရ ဝင်းမောင်(တမွဝတီ)အား လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်း ဘဏ်ဥက္ကဋ္ဌ စာပေဆုရွေးချယ်ရေး ကော်မတီ နာယက ဦးသိန်းထွန်းက “ကုန်းဘောင်ခေတ်ဖြတ်စာပေါင်းချုပ်” (ငါးအုပ်တွဲ) (Collection of Hpyat-sar, Legal Cases and Court Decision of Myanmar Kom-Baung Period AD-1752-1885) စာအုပ်ဖြင့် ရှေးဟောင်းကျမ်းဘာသာရပ် (အင်္ဂလိပ်ဘာသာ)ဆုရ ဦးထွန်းရီအားလည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က “ဟံသာဝတီဆင်ဖြူရှင် အရေးတော်ပုံနှင့် မော်ကွန်းဥဒါန်း–ဥသျှရောအမတ်ကြီး” စာအုပ်ဖြင့် ရှေးဟောင်း ကျမ်းဘာသာဆုရ ဒေါက်တာတိုးလှအား လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက **အတ္ထုပ္ပတ္တိအဘိဓာန်** စာအုပ်ဖြင့် ရည်ညွှန်းကျမ်း ဘာသာရပ်ဆုရ မောင်ဝံသ(ဦးစိုးသိန်း)၊ **ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ**စာအုပ်ဖြင့် ကျန်းမာရေးဘာသာရပ်ဆုရ ဒေါက်တာ စိုးလွင်၊ **အညာသူ အညာသား ကျွန်မဆွေမျိုးများ** စာအုပ်ဖြင့် သမိုင်းဘာသာရပ် ဆုရ ခင်ခင်ထူး၊ **အဲလစ်စ်နှင့် အံ့ဖွယ်ကမ္ဘာ** စာအုပ်ဖြင့် ကလေးလူငယ်ဘာသာရပ်ဆုရ ဂျူနီယာဝင်း၊ **လက်ရာအစုံ နဂရုံ** စာမူဖြင့် ယဉ်ကျေးမှု ဘာသာရပ်ဆုရ မင်းဘူးအောင်ကြိုင်၊ **ရှေးဟောင်း မွန်ခေါင်းလောင်းစာမှ စံပြုဖွယ်စာပေ အထောက်အထားများ** စာမူဖြင့် ရှေးဟောင်းကျမ်းဘာသာရပ် ဆုရ မြမြချို(ပျိုး)၊ **ရန်အောင်၏ စာပေခရီးတစ်ခု** စာမူဖြင့် အတ္ထုပ္ပတ္တိ ဘာသာရပ်ဆုရ လှတိုး(စိတ်ပညာ)နှင့် **မြန်မာ–မဏိပူရစစ်သမိုင်း** စာမူဖြင့် သမိုင်းဘာသာရပ်ဆုရ မောင်နွယ်သန်းတို့အားလည်းကောင်း ဂုဏ်ပြုဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်း ဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက စာပေဆု ရွေးချယ်ရေး ကော်မတီဝင်များအတွက် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ရာ ဆုရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသက်ထွန်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် ဆုရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဆုရသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ဒုတိယအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၇) စာပေဆုချီးမြှင့်ပွဲတွင် အတ္ထုပ္ပတ္တိဘာသာရပ် ဆုရ မိုးမိုးတာရောစန်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ စာပေဆုရွေးချယ်ရေးကော်မတီနာယက ဦးသိန်းထွန်း ဒုတိယအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၇) စာပေဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ရှေးဟောင်းကျမ်းဘာသာရပ် (အင်္ဂလိပ်ဘာသာ) ဆုရ ဦးထွန်းရီအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သက်တော်ရှည်ဆင်ကျုံးတောရဆရာတော်ကြီး ဝိဇာတမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

မန္တလေးတိုင်း ရမည်းသင်းမြို့နယ်ရှိ ဆင်ကျုံးတောရကျောင်း သက်တော်ရှည်ဆရာတော်ကြီး၏ နှစ်(၉၀)ပြည့် ဝိဇာတမင်္ဂလာ မွေးနေ့ အလှူတော်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၂ရက် နံနက် ၇နာရီက အဆိုပါ တောရကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်နှင့် ဇနီး ဒေါ်မြင့်မြင့်ဦး၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ရမည်းသင်းမြို့ ရွှေစည်းခုံရပ်နေ အလှူဒါယကာ ဦးဝင်းကိုနှင့် အလှူဒါယိကာမ ဒေါ်စိုးစိုး မိသားစု၊ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြပြီး ပင့်သံဃာအပါး ၉၀ တို့အား သင်္ကန်းဒွိစုံ တစ်စုံစီနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စတုဘုမ္မိကတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် တာကွေ့ကျေးရွာ စတုဘုမ္မိကဆရာတော် ဘဒ္ဒန္တ တောသိရ(မြို့နယ်သံဃနာယကဥက္ကဋ္ဌ) ကျောင်းတိုက်၌ ရွှေမင်းဝံ ၄က်တွင်း ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက်တရားစခန်းကို ဇန်နဝါရီ၁၆ ရက်မှ စတင်ကျင်းပမည်ဖြစ်ရာ နေ့စဉ် ဝိပဿနာတရားတော်များကို ဘဒ္ဒန္တ ကုမာရ (သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ) ရန်ကုန် သဃ်န်းကျွန်း ပြည်သာယာ စတုဘုမ္မိကရိပ်သာဆရာတော်က ဟောကြားမည်ဖြစ်သည်။ ဆွမ်းဘောဇဉ်များ လှူဒါန်းလိုပါက စတုဘုမ္မိကသာသနာပြန့်ပွားရေးအကျိုးတော်ဆောင် အဖွဲ့ ဖုန်း–၀၁–၅၇၁၉၂၉ နှင့် တရားစခန်းဖြစ်မြောက်ရေးကော်မတီ(တာကွေ့ရွာ) တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင် ကော်မတီက ကြီးမှူးကျင်းပသည့် စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စာတမ်းဖတ်ပွဲ(၁/၂၀၀၈)ကို တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်တိုင်းရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room မြေညီထပ်တွင် ဇန်နဝါရီ ၁၉ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် General Secretary-Myanmar Engineering Society (Chairman-Energy & Renewable Energy Committee) ဦးဝင်းခိုင်က စာတမ်းခေါင်းစဉ် Geothermal Resources and Technology; An Introduction စာတမ်းကို ဖတ်ကြားမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာယုဒီဃပျိုးဥယျာဉ်စာသင်တိုက် သိက္ခာထပ်၊ ရဟန်းခံရှင်ပြုမင်္ဂလာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အာယုဒီဃပျိုးဥယျာဉ်စာသင်တိုက် ပဓာန နာယကဆရာတော်(ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တအရိယဝံသအား သိက္ခာထပ်မင်္ဂလာ၊ ရဟန်းလောင်း ငါးပါးအား ရဟန်းဘောင်သို့ချီးမြှင့်ခြင်းမင်္ဂလာနှင့် တိုင်းရင်းသားမျိုးနွယ်စု သာမဏေ ၅၄ ပါးတို့အား ရှင်သာမဏေအဖြစ် ချီးမြှင့်ခြင်းအလှူတော်မင်္ဂလာတို့ကို ဇန်နဝါရီ ၁၃ ရက်က အဆိုပါစာသင်တိုက်၌ကျင်းပရာ သုဝဏ္ဏမြို့ ပန်းဝါလမ်းနေ တေးသံရှင် ကြာညိုသွယ်မိသားစုနှင့် ဦးအောင်မြင့်ထွန်း–ဒေါ်မိုးစန္ဒာအောင် မိသားစုတို့က ဆွမ်းဆန်အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

ပလက်ဖောင်းနှင့်ရေမြောင်း ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေသည် ဒီဇင်ဘာ ၂၆ ရက်က မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး ပလက်ဖောင်းနှင့် ရေမြောင်း ဆောင်ရွက်ထားမှုအား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလွင်ဦး (ဒုတိယဦးစီးမှူး) နှင့် အငယ်တန်းအင်ဂျင်နီယာ–၂ ဦးအောင်ကိုဝင်းတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

● ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အုတ်မြစ်တော်စီပေးခဲ့ပြီး ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးအတွက် (၁၁)ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဓမ္မဇောတိ ဝိပဿနာရိပ်သာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံအတွက် ဒေါက်တာခင်ဇော်သိန်း၊ ဒေါက်တာခင်သန်းဆွေ၊ ဒေါက်တာ ဟန်မြင့်၊ ဒေါက်တာအေးအေးကြည်နှင့် တရုတ်(တိုင်ပေ)၊ ဟောင်ကောင် ပြည်တွင်း အလှူရှင် ၃၀ တို့က စုပေါင်း၍ မြန်မာငွေကျပ် ၂၈၁၀၀၀ နှင့် FEC ၄၅၀ ကို ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံရုံးခွဲ (သာစုကာရီဓမ္မာရုံ)တွင် ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ ဒုတိယပါမောက္ခချုပ်နှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးမြသန်းက လက်ခံယူစဉ်။

(က-ပ)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

လက်ဘနွန်၌ အမေရိကန်သံရုံးကား ဗုံးခွဲတိုက်ခိုက်ခံရ

ဘေရွတ် ဇန်နဝါရီ ၁၅

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ ဆင်ခြေဖုံးအရပ်တွင် အမေရိကန်သံရုံး မော်တော်ယာဉ်တစ်စီးကို ဇန်နဝါရီ ၁၅ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ဘေရွတ်မြို့မြောက်ပိုင်း ဒိုရာအရပ်ရှိ လူစည်ကားရာ လမ်းမကြီးပေါ်တွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အမေရိကန်သံရုံး မော်တော်ယာဉ်ပျက်စီးသွားခဲ့သည်။ ဗုံးပေါက်ကွဲမှုကြောင့် လက်ဘနွန်အရပ်သားလေးဦး သေဆုံးခဲ့သည်။ အမေရိကန်သံရုံးဝန်ထမ်းများ သေဆုံးဒဏ်ရာရရှိမှု သတင်း မရရှိကြောင်း ၎င်းတို့ကပြောသည်။

အစ္စရေးတို့ ပစ်ခတ်တိုက်ခိုက်မှု ဂါဇာတွင် ၁၆ ဦးသေဆုံး

ဂါဇာ ဇန်နဝါရီ ၁၅

အစ္စရေးတို့က သံချပ်ကာယာဉ်များ အသုံးပြုပြီး ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့အတွင်း ဇန်နဝါရီ ၁၅ ရက်က ဝင်ရောက်ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဟားမတ်စ်ခေါင်းဆောင်တစ်ဦး၏သား အပါအဝင် အရပ်သား ၁၆ဦးသေဆုံးကာ ၄၈ဦး ဒဏ်ရာရရှိခဲ့သည်။

ဟားမတ်စ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မာမွတ်ဇာဟာ၏သား အပါအဝင် ၁၆ဦးသေဆုံးခဲ့မှုကြောင့် ဟားမတ်စ်တို့ ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်ဒေသ၌ ရာပေါင်းများစွာသော ပြည်သူများ၊ အစ္စရေးတို့ လုပ်ရပ်အပေါ် ဆန္ဒပြခဲ့ကြပြီး ယခုဖြစ်ရပ်သည် သမ္မတဘုရ်ှ လာရောက်မှု၏ ရလဒ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။



ဝင်္ဂုကြေးတော်ပြေစေတီ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၂ရပ်ကွက် မယ်လမုတစ်ဖက်ကမ်း မေတ္တာချောင်းကူးရပ်ရှိ ကျေးဇူးတော်ရှင် ဘဒ္ဒန္တသိရီပါလ (ဒီပါရာမသာသနာပြု) ရန်အောင်မြင် ကျောင်းတိုက်ဆရာတော်၏ အဓိဋ္ဌာန်ဖြင့် တည်ထား ပူဇော်အပ်ပြီးသော ဝင်္ဂုကြေးတော်ပြေ စေတီတော်မြတ်ကြီး၏ နဝမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် အမျက်တော်ပြေစေတီ၊ လွတ်ငြိမ်းစံစေတီ၊ ကျေးဇူးဆပ် မြတ်စေတီ၊ အောင်ပြည့် ဒိဗ္ဗဘုရားကြီးတို့၏ ဗုဒ္ဓပူဇနီယပွဲတော်၊ရှစ်သောင်းလေးထောင်ဓမ္မက္ခန္ဓာစေတီ၊ လိုချင်တိုင်းပြည့်ဘုရား၏ ရွှေထီးတော်တင်လှူပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ရက်မှ ၂၂ရက်အထိ ကျင်းပပူဇော်ပြီး ဇန်နဝါရီ ၂၂ ရက်တွင် ရှစ်သောင်းလေးထောင် ဓမ္မက္ခန္ဓာစေတီ လိုချင်တိုင်းပြည့် ဘုရားကြီးထီးတော်တင်လှူမည်ဖြစ်ရာ ပြည်သူအပေါင်း ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။**(က-ပ)**

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မြန်မာဘရူဝါရီလီမိတက် ISO လက်မှတ်ရရှိခြင်းနှင့် စက်ရုံတိုးချဲ့ဖွင့်လှစ်ပွဲအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန် အမှတ်(၃)လမ်းမကြီး အမှတ်၄၅ရှိ မြန်မာဘရူဝါရီလီမိတက် စက်ရုံဝင်းအတွင်း၌ ကျင်းပသည့် မြန်မာဘရူဝါရီလီမိတက်၏ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ISO 22000: 2005လက်မှတ်ရရှိခြင်းအခမ်းအနားနှင့် စက်ရုံကိုအောင်မြင်စွာတိုးချဲ့ဆောက်လုပ်ပြီးစီးခြင်း အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့တပ်မတော်အရာရှိကြီးများ၊ Group Company Secretary and Director of Fraser & Neave Ltd. Singapore မှ Mr. Anthony Cheong၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူ သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Robert Chua၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုစကားပြော

ရှေးဦးစွာ မြန်မာ ဘရူဝါရီလီမိတက်မှ အထွေထွေမန်နေဂျာ Mr. Peter Ong က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ISO လက်မှတ်ပေးအပ်သည့် အဖွဲ့အစည်းဖြစ်သော Bmtrada UK ၏ အစားအသောက်ဘေးဥပဒ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးအရာရှိချုပ် Dr. Law Yean Kok က ISO 22000:2005 လက်မှတ်ကို မြန်မာ ဘရူဝါရီလီမိတက်က ပထမဦးဆုံးရရှိခြင်းအတွက် ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် မြန်မာဘရူဝါရီ လီမိတက်မှ Technological Controller ဦးအောင်အောင်က ISO 22000: 2005 လက်မှတ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ Group Company Secretary and Director of Fraser & Neave Ltd. မှ Mr. Anthony Cheong နှင့် BMTR ADA UK မှ အစားအသောက် ဘေးဥပဒ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေး အရာရှိချုပ် Dr. Law Yean Kok တို့က ISO 22000: 2005 အစားအသောက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးစီမံမှုစနစ် အသိအမှတ်ပြုလက်မှတ်ကို မြန်မာဘရူဝါရီလီမိတက်က မြန်မာနိုင်ငံတွင် ပထမဦးဆုံးရရှိခြင်းအောင်ပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

စုပေါင်းဓာတ်ပုံရိုက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ Mr.Anthony Cheong ၊ Dr. Law Yean Kok၊ အထွေထွေမန်နေဂျာ Mr.Peter Ongနှင့် မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း (အငြိမ်းစား) တို့သည် စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် BMTR ADA UKမှ အစားအသောက် ဘေးဥပဒ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးအရာရှိချုပ် Dr.Law Yean Kok က မြန်မာဘရူဝါရီလီမိတက်သို့ ISO 22000: 2005 လက်မှတ်ကို လွှဲပြောင်းပေးအပ်ရာ အထွေထွေမန်နေဂျာ Mr. Peter Ong က လက်ခံယူပြီး မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေဝင်း(အငြိမ်းစား)က BMTR ADA UK မှ အစားအသောက် ဘေးဥပဒ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေး အရာရှိချုပ် Dr.Law Yean Kok အား အမှတ်တရ လက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ Brewery Manager, Mr.Ronald Chng က စက်ရုံတိုးချဲ့ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် Fraser & Neave Ltd. မှ ဒါရိုက်တာ Anthong Cheong တို့က စက်ရုံကို အောင်မြင်စွာ တိုးချဲ့ဆောက်လုပ်ပြီးစီးခြင်း အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများသည် မြန်မာဘရူဝါရီ လီမိတက် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင် မြန်မာ့မီးရထားအသင်းက မြို့တော်စည်ပင်ကို အနိုင်ရရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာ့မီးရထားအသင်းက မြို့တော်စည်ပင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမဆုံးရှုံးပွဲ

မြန်မာ့မီးရထား အသင်းသည် စွမ်းအင်အသင်းကို တစ်ဂိုးစီသရေကစားနိုင်သကဲ့သို့ မြို့တော်စည်ပင်အသင်းကိုပါ အနိုင်ကစားကာ ခြေစွမ်းတိုးတက်မှုရှိကြောင်း ပြသလိုက်သည်။ မြို့တော်စည်ပင်အသင်းသည် တစ်ပွဲသရေ၊ တစ်ပွဲနိုင်ထားရာမှ ပထမဆုံး ရှုံးပွဲနှင့် ရင်ဆိုင်လိုက်ရသည်။

မြန်မာ့မီးရထား အသင်းအတွက် ဇော်မျိုးသက်က နှစ်ဂိုး၊ စိုးမင်းနိုင်က တစ်ဂိုးသွင်းယူပေးပြီး မြို့တော်စည်ပင်အသင်းအတွက် ဟိန်းဇာအောင်နှင့် အောင်မိုးတို့က တစ်ဂိုးစီသွင်းယူပေးသည်။ ယနေ့ပွဲစဉ်အပြီးတွင် မြန်မာ့မီးရထားအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် အဆင့်(၇)၌လည်းကောင်း၊ မြို့တော်စည်ပင်အသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် အဆင့်(၅)၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

ကြိုးစားကစား

ပွဲအပြီးတွင် အနိုင်ရရှိသွားသော မြန်မာ့မီးရထားအသင်းမှ နည်းပြ ဦးငွေထွန်းက “မိမိတို့အသင်းအနေဖြင့် နှစ်ပွဲကစားပြီးချိန်တွင် တစ်မှတ်သာရရှိထား၍ ယနေ့ပွဲ အနိုင်ရရှိအောင် အထူးကြိုးစား ကစားခဲ့ကြကြောင်း၊ မြို့တော်စည်ပင် အသင်းကဲ့သို့ အသင်းကြီးတစ်သင်းကို အနိုင်ရရှိ၍ ရလဒ်အပေါ် ကျေနပ်အားရမိကြောင်း၊ လူငယ်များကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်၍ တစ်ဖက်အသင်း၏ ကစားအားကို ကြည့်ကာ နည်းဗျူဟာချမှတ်ကစားခဲ့ကြောင်း၊ ၄-၄-၂ပုံစံကို အခြေခံပြီး ခံစစ်ဖြစ်ချိန်၌ ၅-၃-၂ပုံစံပြောင်းလဲကစားခဲ့ကြောင်း၊ နိုင်ပွဲများရရှိအောင် ဆက်လက်ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း”ပြောကြားခဲ့သည်။

သတင်းမြင်ကွင်း - ကိုထွေး

ယနေ့ပွဲ

ဇန်နဝါရီ၁၆ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲအဖြစ် ပြည်ထဲရေးအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပင်လယ်ပြင်၌ ရေလုပ်သား ကျောက်ဖော်ရန် ရေငုပ်ရာမှ ကျောက်ပိုက်ကြိုးများနှင့် လုံးထွေးရစ်ပတ်သေဆုံး

ဖျာပုံ ဇန်နဝါရီ ၁၅

ပင်လယ်ပြင်တွင် ငါးဖမ်းခြင်းလုပ်ငန်းကိုလုပ်ကိုင်သူ ရေလုပ်သား ဦးဝင်းခိုင်သည် ကျောက်ဖော်ရန်အတွက် ပိုက်ကြိုးချည်ရန် ရေထဲသို့ ဆင်းငုပ်ရာက ကျောက်ပိုက်ကြိုးများနှင့် လုံးထွေးရစ်ပတ်သေဆုံးမှုတစ်ရပ် ဇန်နဝါရီ ၁၃ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ၁၃ရက်က ဖျာပုံရဲစခန်းတွင် ဒုရဲအုပ် သူရိန်မင်းထက်သည် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ဖျာပုံမြို့နယ် ခရိုင်ဘော်ကျေးရွာအုပ်စု တမံကြီးရွာနေ ဦးသိန်းညွှန့်(ကျားပိုက်ဦးစီး)ရောက်လာပြီး ၎င်းသည် ဖျာပုံမြို့နယ် အဖောင်မြစ်တန်းရွာနေ ရေလုပ်ငန်းရှင် ဦးမျိုးမင်းထွန်း ပိုင်ဆိုင်သော မြတ်သန်းညွှန့်(၄) ကျောက်ပိုက်ရေယာဉ်ဖြင့် ပင်လယ်ပြင် ရေလံ ၁၂လံခန့်တွင် ရေလုပ်သား၁၃ဦးနှင့်အတူ ငါးဖမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်နေကြရာမှ ဇန်နဝါရီ၁၃ရက် နံနက်၁၀နာရီခွဲခန့်တွင် ဖျာပုံမြို့နယ် သမိန်ထောကျေးရွာ အောင်ရတနာရပ်ကွက်နေ ရေလုပ်သား ဦးဝင်းခိုင် (၂၆)နှစ်သည် ကျောက်ဖော်ရန်အတွက် ပိုက်ကြိုးချည်ရန် ရေထဲသို့ ဆင်းငုပ်သွားရာ ခုနစ်မိနစ်ခန့်ကြာသည်အထိ ဦးဝင်းခိုင်မှာ ပြန်ပေါ်လာခြင်း မရှိသဖြင့် ကျန်ရေလုပ်သားများမှ ကျောက်ပိုက်အားစက်ဖြင့် ရစ်တင်ကြရာ ဦးဝင်းခိုင်သည် ကျောက်ပိုက်ကြိုးများနှင့် လုံးထွေးရစ်ပတ်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အလောင်းအား ရေယာဉ်ဖြင့် ဖျာပုံမြို့သို့ ပြန်လည်သယ်ဆောင်လာခဲ့ကြောင်း ရဲစခန်းသို့ လာရောက်သတင်းပို့ခဲ့သည်။

သေဆုံးသူ ဦးဝင်းခိုင်၏ အလောင်းအား စခန်းမှူး ရဲအုပ်မောင်ကို၊ တာဝန်မှူး ဒုရဲအုပ်သူရိန်မင်းထက်တို့သည် သက်သေများနှင့်အတူသွားရောက်စစ်ဆေးကြည့်ရှုရာ ဦးဝင်းခိုင်၏ ခန္ဓာကိုယ်တွင် ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ မည်သည့်အတွက် သေဆုံးရခြင်းဖြစ်ကြောင်း သိရှိနိုင်ရန် ဆေးစာရေးသား၍ ဖျာပုံဆေးရုံသို့ပို့အပ်ပြီး သေမှုသေခင်း အမှတ်၃/၂၀၀၈အရ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

သတင်းထောက်-သောင်းညွှန့်(ဖျာပုံ)ထံမှ-

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ငြိမ်းချမ်းရေးနှင့်လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်း ဥက္ကဋ္ဌ မဒမ်ခေါ်လုလီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် မ/၁၄၃ မြမာလာလမ်း မုဒုံမြို့နယ်နေ ဦးစိန်ဝင်းအား ရည်စူး၍ ဇနီးဒေါ်မြရှိန်နှင့် မိသားစုက ငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးငွေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဦးအောင်ကျော်မြင့်နှင့် ညီအစ်ကို မောင်နှမတစ်စု စမ်းချောင်းက ငွေကျပ်တစ်သိန်း၊ ဦးကျော်လှိုင်-ဒေါ်ရီရီဝင်း ဗဟန်းက ငွေကျပ်ငါးသိန်း၊ ဦးသန်းနိုင်-ဒေါ်အေးအေးငွေး ကျောက်တံတားက ငွေကျပ်နှစ်သိန်း၊ ပါမောက္ခ ဒေါက်တာစစ်စိုင်းလုံ-ဒေါက်တာတင်ရီရီ တက္ကသိုလ်ရိပ်သာ လမ်းသစ်က ငွေကျပ်နှစ်သိန်းငါးသောင်း၊ ဦးသန်းမောင်မိသားစု ကျောက်မြောင်းက ငွေကျပ်နှစ်သိန်း၊ ဦးကျင်ခဲ-ဒေါ်စန်းကြည် (ရွှေလီ ရတနာရွှေဆိုင်)က ငွေကျပ်တစ်သိန်း၊ ဦးသိန်းဆွေ-ဒေါ်ညွန့် ဗဟန်းက ငွေကျပ်တစ်သိန်း၊ ဒေါ်သန်းခင် မိသားစု တာမွေက ငွေကျပ်တစ်သိန်း၊ ဦးလှထွန်းဦး-ဒေါ်သိန်းရှင် ဗိုလ်တထောင်က ငွေကျပ်တစ်သိန်းနှင့် ဒေါ်တင်တင်လှ ကမ္ဘာအေးဘုရားလမ်း ရန်ကင်းက ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကိုယ်တိုင်ဖန်တီး တီထွင်နိုင်သော ဆံပင်အလှအပများအကြောင်း စာအုပ်မိတ်ဆက်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၅

မန္တလေးဆေးတက္ကသိုလ် အလုပ်သင်ဆရာဝန် နီနီမိုး၏ ကိုယ်တိုင်ဖန်တီး တီထွင်နိုင်သော ဆံပင်အလှအပများ အကြောင်း Hair Style D.I.Y (Do it Yourself) စာအုပ်မိတ်ဆက်ပွဲနှင့် လက်တွေ့သရုပ်ပြ ပြင်ဆင်ဖန်တီးမှု အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ City Star Hotel (ပထမထပ်)၌ ကျင်းပရာ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ ရုပ်ရှင်သရုပ်ဆောင် ဆန်းထွင့်က စာအုပ်မိတ်ဆက်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နီနီမိုးက ကိုယ်တိုင်ဖန်တီး တီထွင်နိုင်သော ဆံပင်အလှအပများအကြောင်းနှင့် စာအုပ်ထုတ်ဝေရခြင်း အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နီနီမိုးက သရုပ်ဆောင်များနှင့် တွဲဖက်၍ ဆံပင်အမျိုးမျိုးကို လက်တွေ့သရုပ်ပြသပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ Hair Style D.I.Y (Do it Yourself) စာအုပ်သည် ပထမဆုံးသော ဆံပင် Style ဖန်တီးမှုစာအုပ်ဖြစ်ပြီး သင်ပြမှုမလိုဘဲ စာအုပ်ကြည့်ရုံဖြင့် ကိုယ်တိုင်ပြင်ဆင် ဖန်တီးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထွေးနိုင် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၅

ထိုင်းနိုင်ငံ၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ (4 th ASEAN Para Games) တွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ရန်နှင့် (Board of Governor) အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထွေးနိုင်နှင့် အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး တင်မောင်လှိုင်တို့သည် ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မြင်ကွင်းများ

အားမာန် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲဖွင့်ပွဲ မြင်းမူမြို့၌ကျင်းပ

မြင်းမူ ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အားမာန် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက မြင်းမူမြို့နယ် မြစ်ပေါက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းမြင့်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အားမာန် နံရံကပ်နှင့် ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကျေးရွာပြည်သူများနှင့် ကျောင်းသားကျောင်းသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဖြူမြို့နယ် ကလန့်တဲကျေးရွာ မျိုးဆက်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာဆိုတော်နေ့ အထိမ်းအမှတ် စာဖတ်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းထွန်းအောင်၊ ကလန့်တဲကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစံရွှေမောင်နှင့် အလယ်တန်းပြဆရာ ဦးဘရွှေတို့က မျိုးဆက်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပင်ဖြစ်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ စီစဉ်မှုဖြင့် နတ်တော်လ စာဆိုတော်နေ့ အထိမ်းအမှတ်စာဖတ်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ပင်ဖြစ်စံပြကျေးရွာ အမက (၁) မူလတန်းလွန်ကျောင်း ခန်းမ၌ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေလွင်က စာဖတ်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်သူများ စာဖတ်ရှိန်မြင့်မားရေး ဆွေးနွေး

ပုလဲ ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းသည် မုံရွာခရိုင် ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းလိုက်ပါလျက် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ယင်းမာပင်မြို့နယ်ရုံး၊ ပုလဲမြို့နယ်ရုံး၊ မင်းတိုင်ပင်ရုံးခွဲများသို့ သွားရောက်၍ ရုံးလုပ်ငန်းများ စစ်ဆေးခြင်း၊ ကျေးရွာစာကြည့်တိုက်များ ခိုင်မာအဆင့် ထူထောင်မှုများနှင့် မြို့နယ်ရုံးများ၏ စာကြည့်တိုက် လုပ်ငန်းများ နယ်မြေကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်းများကိုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့သည်။

တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းနှင့်အဖွဲ့သည် ပုလဲမြို့နယ် နွယ်အင်းကျေးရွာ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုခဲ့ပြီး နွယ်အင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် နွယ်အေး၊ ချင်ပြစ်ကျင်း၊ ပျော်ဘွယ်ကျင်း ကျေးရွာတို့မှ ပြည်သူများ၏ စာဖတ်ရှိန်မြင့်မားရေး၊ အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့် အတွေးအခေါ်များ ရှင်သန်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အကယ်ဒမီပဟေဠိ အဖြေညှိကြရအောင်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - သာညွှတ်

စာမျက်နှာပွဲစည်းမှု - ထိန်လင်း

၂၀၀၆ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ပေးပွဲကို လာမည့် ဖေဖော်ဝါရီ ပထမပတ်တွင် ကျင်းပမည်ဟု ကြားသိရသည်။

စတင်ချီးမြှင့်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ချီးမြှင့်ပွဲနီးကပ်လာသည့် သတင်းနှင့်အတူ မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲ စတင်ကျင်းပခဲ့သည့် သမိုင်းကြောင်းလေးကိုလည်း ပြန်လည်စဉ်းစားကြည့်မိတော့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)

ထပ်ဆင့် အကယ်ဒမီဆုများရှင် ရန်အောင်။

၂၀၀၅ခုနှစ်အတွက် အကယ်ဒမီဆုပေးပွဲရောက် အကယ်ဒမီ နန္ဒာလှိုင်၏ အလှ။

ပေးပွဲကို ၁၉၅၂ခုနှစ်မှစတင်ပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်ရည်ရွယ်ပြီး စတင်ချီးမြှင့်လာခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၅၅နှစ် ရှိခဲ့ပြီဖြစ်သည်။ ၁၉၅၂ခုနှစ်မှ ၁၉၅၃ခုနှစ်အထိ ရုပ်ရှင်ထူးချွန်ဆု သုံးမျိုးဖြစ်သည့် ပထမအကောင်းဆုံး ဓာတ်ကားဆု (ရွှေကိန္နရီရုပ်)၊ ဒုတိယအကောင်းဆုံးဓာတ်ကားဆု(ငွေဒေါင်းရုပ်)၊ တတိယအကောင်းဆုံး ဓာတ်ကားဆု (ကြေးခြသေ့်ရုပ်)၊ အကောင်းဆုံး အမျိုးသား ပညာသည်ဆု(ရွှေရင်ထိုး)၊ အကောင်းဆုံးအမျိုးသမီး ပညာသည်ဆု (ရွှေရင်ထိုး)တို့ကို စတင်ချီးမြှင့်ခဲ့သည်။

ပြောင်းလဲခဲ့

ထို့အပြင် ၁၉၅၇ခုနှစ်တွင် ဆုပုံသဏ္ဌာန်ကို ရွှေရင်ထိုးတံဆိပ်မှ တစ်ပြေးညီ ရွှေကိန္နရီ ရွှေစင်ရုပ်သို့ စတင်ပြောင်းလဲ ချီးမြှင့်ခဲ့ပြန်သည်။ ထို့အတူ ၁၉၅၄ခုနှစ်မှ စတင်၍ နှစ်စဉ် ဆုအရေအတွက်လည်း တိုးမြှင့်ချီးမြှင့်ခဲ့ရာ ယနေ့အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ၁၁ဆုအထိ ချီးမြှင့်နိုင်ခဲ့ပြီး ၁၉၈၁ ခုနှစ်မှ စတင်၍ ရွှေကိန္နရီရုပ် ဆုအပြင် ငွေကျပ်နှစ်သောင်းပါ ချီးမြှင့်ခဲ့ပြန်သည်။ ထို့နောက် ၁၉၉၃ ခုနှစ်မှ စတင်၍ ငွေကျပ်နှစ်သောင်းကို ချီးမြှင့်ခြင်း မပြုတော့ဘဲ ရွှေကိန္နရီရုပ်တွင် တပ်ဆင်ထားသော ငွေကြယ်အစား ရွှေသားအစစ်ဖြင့်ပြုလုပ်ထားသည့် ရွှေကြယ်ကို တပ်ဆင်ချီးမြှင့်ခဲ့သည်။ ၁၉၅၂ ခုနှစ် မှ ယနေ့အထိ ကျင်းပခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပေးခဲ့ပြီး ထူးချွန်ဆုပေါင်းမှာ ၃၀၁ဆု ရှိခဲ့ပြီး ဖြစ်သည်။

နေပြည်တော် အကယ်ဒမီဆုပေးပွဲကို တက်ရောက်ခဲ့သည့် အကယ်ဒမီ အိန္ဒြာကျော်ဇင်၏ ဟန်ပန်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ပေးပွဲကို ပံ့ပိုးကူညီပေးသည့် ကုမ္ပဏီကလည်း ဂုဏ်ပြုဆုငွေများ ထပ်မံချီးမြှင့်ကြသည်။

ယခုအခါ ၂၀၀၆ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဓာတ်ကားများအား မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရွေးချယ်ချီးမြှင့်ရေးအဖွဲ့ အဆင့်ဆင့်မှ ထူးချွန်ဆု တစ်ခုခြင်းကို သတ်မှတ်ပေးထားသည့် စံချိန်စံညွှန်းများနှင့် စိစစ်အကဲဖြတ်၍ ရွေးချယ်ကာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ကို ချီးမြှင့်တော့မည့် အချိန်ကာလသို့ ရောက်ရှိလာတော့မည် ဖြစ်သည်။

အကျယ်တဝင့်ဖော်ပြ

ထိုသို့ အချိန်နီးကပ်လာသည်နှင့်အတူ သတင်းဂျာနယ်၊ စာစောင်များကလည်း တင်ကြိုခန့်မှန်းသတင်းများကို အကျယ်တဝင့် ဖော်ပြလာနေကြပြီဖြစ်သည်။ ထို့အတူ ရုပ်ရှင်ချစ်သူ ရုပ်ရှင်ဝါသနာအိုးများကလည်း မည်သူ၊ မည်ဝါ ဆုရကြမည်ဟု ထင်ကြေးပေးခန့်မှန်းနေကြသည်မှာ မှန်သည်လည်းရှိတတ်သည်။ လွဲချော်သွားကြသည်လည်း ရှိကြသည်။

၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲတွင် ဒါရိုက်တာဆုနှင့် ဓာတ်ညွှန်းဆုများကို ဆွတ်ခူး ရရှိသွားသည့် ဒါရိုက်တာ ကြည်စိုးထွန်းအား သတင်းမီဒီယာသမားများက ဝိုင်းဝန်းမေးမြန်းဂုဏ်ပြု ရိုက်ကူးမှတ်တမ်းတင်ကြစဉ်။



၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲတွင် အကောင်းဆုံးရုပ်ရှင် တေးဂီတဆုဖြင့် အကယ်ဒမီဆုချီးမြှင့်ခံရသည့် ဂီတမှူးခင်မောင်ကြီးအား ဘိုကလေးတင့်အောင်က ဤသို့ ချီးကျူးဂုဏ်ပြုခဲ့သည်။

၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ထွန်းအိန္ဒြာဗိုနှင့် သူ၏ပရိသတ်...။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲကို မေ့နေသူများ၊ သတိမရသူများ၊ သတိရ တမ်းတနေသူများ၊ ကြိုတင် လွမ်းမောနိုင်အောင် အသိပေးရင်း ၂၀၀၆ခုနှစ်အတွက် မည်သူတွေ ဘာဆုတွေရနိုင်မည်လဲ ဆိုသည်ကို တွေးတောရင်း အတွေးနယ်ချဲ့ကာ ကြိုတင်ခန့်မှန်းနိုင်ကြစေရန်အတွက် ၂၀၀၆ခုနှစ် ရုံတင်ရုပ်ရှင်ကားများကို အောက်တွင် ဖော်ပြလိုက်ရပါသည်။

ဖော်ပြခဲ့သည့် ရုပ်ရှင်ကားများကို ရိုက်ကူးခဲ့သော ရုပ်ရှင်ထုတ်လုပ်သူများ၊ ဒါရိုက်တာများ၊ သရုပ်ဆောင်များ၊ ဓာတ်ပို့ဓာတ်ရုံများ၊ စက်မှုပညာရှင်များ၊ အတတ်ပညာရှင်များ အားလုံးထဲမှ မည်သူတွေ ပြုံးပျော်ရွှင်ပြီး အကယ်ဒမီ ရွှေစင်ရုပ်တုတွေကို ရင်ဝယ်ပိုက်ကာ ထွေးပွေ့ သယ်ဆောင်လာနိုင်မည်လဲ ဆိုသည်ကို အကယ်ဒမီ ပဟေဠိအဖြစ် အဖြေညှိကြည့်ရအောင်လို့ ပြောကြားရင်းဖြင့်...။ ။ **(မြန်မာ့အလင်း)**

၂၀၀၆ခုနှစ် ရုံတင်ရုပ်ရှင်ကားများ (အကျဉ်းချုပ်)

စဉ်	ထုတ်လုပ်ရေး	ဓာတ်ကားအမည်	ဒါရိုက်တာ	တေးဂီတ	ဓာတ်ပုံ	ဓာတ်ညွှန်း	သရုပ်ဆောင်များ
၁	လင်း	ရတနာ	အိအိခိုင်	မောင်မြတ်သူ	နိုင်နှရိုန် (ဖထီး)	အိအိခိုင်	ကျော်သူ၊ ထွန်းအိန္ဒြာဗို ဖိုးသောကြာ၊ ပုလဲဝင်း
၂	ကျော်	ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ	ဒေါ်န	ခင်မောင်ကြီး	သန်းညွှန့် (ပန်းသာ)	ငြိမ်းမင်း	ရန်အောင်၊ စိုင်းစိုင်းခမ်းလှိုင် ထွန်းအိန္ဒြာဗို၊ သက်မွန်မြင့်
၃	လှိုင်	တောင်သမန်သစ္စာ	မောင်နန္ဒ	ခင်မောင်ကြီး	သန်းညွှန့် (ပန်းသာ)	ဇော်မြင့်ဦး	ဒွေး၊ ရန်အောင်၊ ရဲအောင် မေသန်းနု၊ နန္ဒာလှိုင်၊ နဝရတ်
၄	ကျော်ဇေ	မော်ဒန်အချစ်များ	ညွှန့်မြန်မာ ညီညီအောင်	ထက်ရှိန်	ကျောက်ဖြူ (ပဒေသာ)	နေစိုးသော် ခင်မောင်ကျော် အကြည်တော်	ရန်အောင်၊ လွင်မိုး၊ အိန္ဒြာကျော်ဇင် မေသဥ္ဇာဦး၊ တင့်တင့်ထွန်း
၅	ဖီးနစ်	လှည့်စား	သိန်းဟန်(ဖီးနစ်)	သိန်းလွင် (ခနမိုး)	သန်းညွှန့် (ပန်းသာ)	မောင်မြတ်ဆွေ	ကျော်ရဲအောင်၊ ဒွေး၊ ခိုင်သင်းကြည် သားညီ၊ ဖိုးကျော်၊ ပြည့်ဖူးခိုင်၊ မိုးဒီ၊ခင်လှိုင်
၆	နဝရတ်	မျှော်လင့်ခြင်းများစွာ	မောင်မျိုးမင်း (ရင်တွင်းဖြစ်)	ဦးအောင်ဆန်း	တင်စိုး (ဓာတ်လမ်း)	ငြိမ်းမင်း	နိုင်းနိုင်း၊ မင်းမော်ကွန်း၊ စိုးမြတ်နန္ဒာ မေသဥ္ဇာဦး၊ စိုးမိုးကြည်၊ ဖိုးကျော်
၇	လပ်ကီးဆဲဗင်း	မိုက်တီးလေးများ	မိုက်တီး	ကိုမြတ်သူ	ကိုကိုဌေး	ဂေါက်ကြီး	လွင်မိုး၊ လူမင်း၊ ရာဇာနေဝင်း မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ ညွှန့်ဝင်း
၈	ဖြိုးနှင့်မင်း	ရွှေမိုးသည်း	အဏ်ထော်နီ (မော်လမြိုင်)	ဝင်းကို	ကျောက်ဖြူ (ပဒေသာ)	အကြည်တော်	ရန်အောင်၊ ဥက္ကာမင်းမောင်၊ စိုးမြတ်သူဇာ စိုးမြတ်နန္ဒာ၊ ဇင်မျိုး၊ ဇော်ဇော်အောင်၊ စန္ဒီမြင့်လွင်
၉	စန္ဒီးပိုက်	ပြဒါးမဲ့မှန်	မောင်မောင်ဦး (စန္ဒီးပိုက်)	တိုးတိုး	သန်းညွှန့် (ပန်းသာ)	ကိုလွင် (စန္ဒီးပိုက်)	နိုင်းနိုင်း၊ နန္ဒာလှိုင်၊ မေသန်းနု ထွန်းထွန်းဝင်း၊ မေထွဋ်ခေါင်
၁၀	ပန်းဝေဝေ	လွမ်းအောင်ရယ်တတ်သူ	မောင်ဝဏ္ဏ	ဦးမြင့်အောင်	အောင်ဝင်း လ/ထ ယဉ်ထွေး	မောင်ဝဏ္ဏ	ပြေဇင်၊ သက်မွန်မြင့်၊ ကျော်ရဲအောင် မေသဥ္ဇာဦး၊ အောင်အောင်(မြင်စိုင်းသား)
၁၁	ရီမြင့်	ပန်းပျိုးသူတို့အလင်္ကာ	ဟိန်းစိုး	ကိုသော်ဇင် (လဝန်းအိမ်)	သန်းညွှန့် (ပန်းသာ)	မောင်ယဉ်အောင်	လူမင်း၊ နဝရတ်၊ နေတိုး၊ ဇော်ဝမ်း မေသဥ္ဇာဦး

အနန္တစကြဝဠာရာဇမုနိစေတီ ဗုဒ္ဓပူဇနိယပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ ဒေးစွန်ပါဆံတော်ရှင်စေတီတော် တောင်ခြေရှိ ကမ္ဘာလုံးခြံ၌ တည်ထားကိုးကွယ်လျက်ရှိသော အနန္တစကြဝဠာရာဇမုနိစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ၇ရက်က အဆိုပါ စေတီပရဝဏ်၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊သံဃာတော်အပါး ၂၅၀တို့အား အလှူရှင် ရန်ကုန်တိုင်း သန်လျင်မြို့နေ အရပ်ဆရာ အောင်–ဒေါ်နှင်းရည်ကျော်၊ သားဘုန်းပြည့် ကျော်နှင့် မိသားစုက အရဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ်ပျော်ပွဲရွှင်ပွဲများ၊အားကစားပြိုင်ပွဲများနှင့် ချောတိုင်တက်ပြိုင်ပွဲများကိုကျင်းပရာ သုံးယောက်တွဲ ချောတိုင်တက်ပြိုင်ပွဲတွင် ပထမဆုကို ဒေးစွန်ပါကျေးရွာနှင့် ရန်ကုန်မြို့တို့က ရရှိကြပြီး အလှူရှင်မိသားစုက ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

ဘုန်းတော်ကြီးသင် မူလတန်းလွန် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ငွေလှူဒါန်း

ကျောင်းကုန်း ဇန်နဝါရီ ၁၀

ဘုန်းတော်ကြီးသင် မူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက ဇေရာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက် မဟာဝိသုတာရာမကျောင်းတိုက်(ဥယျာဉ်ကြီးကျောင်း)၌ကျင်းပရာ ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပဏ္ဍိစ္စက ငါးပါးသီလနှင့် ဩဝါဒကထာ မိန့်ကြားသည်။

အလှူငွေ

ထို့နောက် အလှူငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်–ဇနီးဒေါ်ဆွေဇင်ဝင်းက ငွေကျပ်တစ်သိန်း၊ အမှတ်(၂)ရပ်ကွက်နေ ဦးသိန်းမောင်–ဇနီးဒေါ်တင်လှ(ရွှေလမင်း ဆေးလိပ်ခုံ) မိသားစုက ငွေကျပ်ငါးသိန်းတို့ကို လှူဒါန်းကြသည်။ **(ဝဲပုံ)**

လှူဒါန်းနိုင်

အဆိုပါကျောင်းမှာ အလျားပေ ၈၀၊ အနံပေ ၃၀ ရှိ နှစ်ထပ်ကျောင်းဆောင်သစ်တွင် အခန်းပေါင်း ရှစ်ခန်းပါရှိပြီး အာရ်စီကွန်ကရစ်ခင်း၊ အုတ်ပတ်ကားဖြစ်ပြီး ငွေကျပ်သိန်း ၄၀၀ ကုန်ကျမည်ဖြစ်ရာ လှူဒါန်းလိုပါက မဟာဝိသုတာရာမကျောင်းတိုက် ဖုန်း–၀၄၆–၄၀၁၃၉သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၆၅)**

ရွှေဘိုမြို့ ဖြိုးမေတ္တာ ဆိုင်ကယ်နောက်တွဲယာဉ်အသင်းဖွင့်

ရွှေဘို ဇန်နဝါရီ ၈

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဂွတ်ဘရားသား(စ်)ကုမ္ပဏီတို့ ပူးပေါင်း၍ မြို့နယ်အတွင်း သွားလာလှုပ်ရှားနေကြသော ခရီးသွားများ သွားလာမှုလွယ်ကူစေရေး၊ လူနေမှု အဆင့်အတန်းမြင့်မားစေရေး၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးတို့အတွက် မြို့နယ်အတွင်း ဖြိုးမေတ္တာ သုံးဘီးဆိုင်ကယ်နောက်တွဲယာဉ်အသင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်စနာရီက ရွှေဘိုမြို့နယ် ကားကြီးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် ဂွတ်ဘရားသားစ် ကုမ္ပဏီ အရောင်းမန်နေဂျာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ထံသို့ ဖြိုးမေတ္တာသုံးဘီးဆိုင်ကယ်နောက်တွဲယာဉ်အသင်းမှ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြား စက်တစ်လုံးပေးအပ်လှူဒါန်းခဲ့ပြီး ခရိုင်ဥက္ကဋ္ဌ ဦးအုန်းချို နှင့် တက်ရောက်လာသည့် ဧည့်သည်တော်များက သုံးဘီးဆိုင်ကယ်နောက်တွဲယာဉ်များကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ယာပုံ)**

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကျုံတာ–ကျောက်ရဲကျေးလက်ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၇ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့ ကွင်းဆင်းကြည့်ရှုရာ အငယ်တန်းအင်ဂျင်နီယာ–၂ (မြို့ပြ) ဦးဝင်းကိုနှင့်အဖွဲ့က ရှင်းလင်းတင်ပြစဉ်။ (၁၅၈)

သောက်သုံးရေ ရရှိရေးအတွက် ဟိုပန်၌ ဆောင်ရွက်

ဟိုပန် ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် ရွှေဝါကျေးရွာ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ဒီဇင်ဘာ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်း စစ်ဆေးမှုများ ပြုလုပ်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖြူးမြို့၌မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ဖြူး ဇန်နဝါရီ ၁၂

ပဲခူးတိုင်း မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ရဲသူရိန်လှမြင့်နှင့် တောင်ငူခရိုင်မီးသတ်ဦးစီးအရာရှိ ဦးအေးသန်းတို့ ဦးဆောင်၍ ဖြူးမြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးငြိမ်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော အဖွဲ့တို့သည် ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ဖြူးမြို့နယ် ညောင်ပင်သာ အမှတ်(၁၀၄)သစ်စက်သို့ သွားရောက်ကြပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်ရုံအတွင်း လိုက်လံစစ်ဆေးကြသည်။

ထို့နောက်စက်ရုံပိုင် မီးသတ်စက်ကလေးများကို လက်တွေ့သရုပ်ပြ ရေပက်ဖျန်းပြသ၍ ပညာပေးဟောပြောပြီး ညနေ ၃ နာရီတွင် ဖြူးမြို့ဝဲထောင့်ကျေးရွာရှိ ဖွဲနုဆီစက်စက်ရုံသို့ သွားရောက်ကြကာ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လိုက်လံစစ်ဆေးပညာပေး ဟောပြောကြသည်။

ဆက်လက်၍ ပဲခူးတိုင်း မီးသတ်တပ်ဖွဲ့မှူး ရဲသူရိန်လှမြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့တို့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ဖြူးမြို့နယ် ဇေယျဝတီအမှတ်(၂) အရက်ချက်စက်ရုံနှင့် အမှတ်(၈) သကြားစက်ရုံသို့ သွားရောက်ကြပြီး မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းရပ်များ လိုက်လံစစ်ဆေးကြပြီး လက်တွေ့မီးသတ်သရုပ်ပြ ပညာပေးဟောပြောကြကြောင်း သိရသည်။ **(အောက်ပုံ)** **(၂၈၄)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရွှေတောင်၌ ကလေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်

ရွှေတောင် ဇန်နဝါရီ ၁၀

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရွှေတောင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကလေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ၄ရက် နံနက်က အဆိုပါအသင်းရုံးသားဖွားဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်ကအမှာစကားပြောကြားပြီး ပြိုင်ပွဲအတွက် ကြာနီကန်ရပ်ကွက် ရွှေလမင်းဆန်စက် ပိုင်ရှင်ဦးသန်းမြင့်က ငွေကျပ်ငါးသောင်း ခုနစ်ထောင်ကို လှူဒါန်းရာ မြို့နယ်အသင်းဥက္ကဋ္ဌက လက်ခံယူသည်။ ဆက်လက်၍ သတ်မှတ်သည့်လအလိုက် ဆုများအပြင် ချစ်စရာမောင်ဆု၊ ချစ်စရာမယ်ဆုနှင့် လွတ်လပ်ရေးမယ်ဆု စုစုပေါင်း၁၇ဆုကို မြို့နယ်အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြသည်။ **(ဝဲပုံ)** အသင်းအနေဖြင့် ၂၀၀၈ခုနှစ်အတွက် အသင်း၏သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များအား အခမဲ့မွေးဖွားပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင် မြို့တွင်းလမ်းများ ကောင်းမွန်ရေး ဆောင်ရွက်

ပြင်ဦးလွင် ဇန်နဝါရီ ၈

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တွင်းလမ်းများအားလုံး ကောင်းမွန်စေရေးအတွက် ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ၆ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ သာယာလှပရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရန် ရောက်ရှိနေသော မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရွှေဘိုလမ်း ကတ္တရာထပ်ပိုး လွှာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြကြောင်းသိရသည်။ **(တိုင်းစည်ပင်)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် စံပြ မိခင်ဆုနှင့် ကလေးပြိုင်ပွဲဆုပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ပန်းတနော်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်မေရီက ပထမဆုရ ကလေးငယ်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (၁၄၃)

ဆက်ကပ်လှူဒါန်း

မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်အတွင်း တည်ဆောက်ဆဲကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့နေ ခိုင်ဇာတင်ရှိန်၊ သန္တာတင်ရှိန် **ညီအစ်မနှစ်ဦး၏ မွေးနေ့အထိမ်းအမှတ် အလှူငွေကျပ်သိန်း ၂၀ကို အလှူရှင်များကိုယ်စား ဗိုလ်ကြီးကျော်မိုးနိုင် မိသားစုက ဆရာတော် ဘဒ္ဒန္တ သီလဝံသ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇ မဟာရဋ္ဌဂုရုထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

ကလော့သော့လမ်း ကတ္တရာလမ်းခင်း

မုဒုံ ဇန်နဝါရီ ၃

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးခဲ့သော ကလော့သော့ကျေးရွာလမ်းကတ္တရာခင်းပြီးစီးမှုအခြေအနေကို ဒီဇင်ဘာ ၈ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဟင်္သာတမြို့၌ သိက္ခာထပ်၊ ရဟန်းခံနှင့် ရှင်ပြုပွဲကျင်းပ

ဟင်္သာတ ဇန်နဝါရီ ၁၁

ဟင်္သာတမြို့ ဦးဘရဲတာကြီးတန်း လက်သမားမြောက်ရပ် အတွင်းပတ္တမြားကျောင်းတိုက်၌ သိက္ခာထပ်၊ ရဟန်းခံနှင့် ရှင် ၁၀၈ပါး ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ၂၅ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

လှူဒါန်း

အလှူရှင်များက နှစ်ဖက်မိဘများအားအမှူးထား၍ ဖခင်ကြီး ဦးအောင်သန်း(အောင်ပွဲရုံ)နှင့် ခင်ပွန်း ဦးရဲမြင့် (ဗဟိုတရားရုံးချုပ်ရှေ့နေ)တို့အား ရည်စူး၍ ရန်ကုန်မြို့ သုဝဏ္ဏ နေအောင်လမ်းနေ အလှူဒါယိကာမကြီး ဒေါ်မြင့်မြင့်သန်းနှင့် သားကြီးကိုအောင်မြင့်သူ-ဒေါက်တာ ဆွေဆွေအောင်၊ သားငယ် ကိုပြည့်စုံသူ-မခိုင်မာထွန်း၊ သမီး မရည်မွန်သူမိသားစုတို့က အတွင်းပတ္တမြားကျောင်းတိုက်မှ ဓမ္မာစရိယအရှင်စက္ကိန္ဒ(B.A) ဗုဒ္ဓတက္ကသိုလ်(မန္တလေး)အား သိက္ခာထပ်ခြင်း၊ သားကိုအောင်မြင့်သူနှင့်ကိုပြည့်စုံသူတို့အား ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ ဝင်ရောက်ခြင်း၊ မြေးမောင်ရှင်းသန့်အောင်(ခ) ဟားဟားနှင့် ဟင်္သာတမြို့ပေါ်ရှိ ကိတ္တိမသား ၁၀၈ ဦးတို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ပြီး ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အားဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း၍ ရေစက်ချတရားနာယူကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၁၄၆)**

ဖျာပုံခရိုင် ဖျာပုံမြို့ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်က ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ဟောပြောစဉ်။ (က-ပ)

ကျောက်ပန်းတောင်း၌ စာဖတ်ဝိုင်းဆွေးနွေး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၀

ကျောက်ပန်းတောင်းမြို့နယ်ပညာရေးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စာဖတ်ပွဲများကို ဒီဇင်ဘာ ၅ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ မွန်းလွဲ ၁နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း ကျင်းပရာ ကျောင်းသား ကျောင်းသူ သုံးဦးစီက သတင်းစာဆောင်းပါးများနှင့် ဒို့ကျေးရွာဂျာနယ်ပါဆောင်းပါးများကို အလှည့်ကျဖတ်ကြား ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ သံတောင်မြို့သစ် အထကအတွက် သုတ၊ ရသ စာအုပ်များလှူဒါန်း

တောင်ငူ ဇန်နဝါရီ ၁၀

တောင်ငူမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကရင်ပြည်နယ် သံတောင်မြို့သစ် အထကကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ် ၅၀၀ ကျော်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ၅ရက်နံနက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးကျော်လှ (သတင်းထောက်)က စာအုပ်များလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သုတ၊ ရသစာအုပ် ၅၀၀ ကျော်တို့ကို စာနယ်ဇင်းအဖွဲ့ နာယက ဦးကျော်လှ (သတင်းထောက်)နှင့် အတွင်းရေးမှူး ဦးကျော်မြင့် (ကျော်မြင့်မဟောသဓ)တို့က ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်မူးဒီးစေးကြီးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးမောင်မောင်တို့က လက်ခံရယူကြပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(ဝ၅၂)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပြာသိုလဆန်း ၁၀ ရက်
၁၇-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (သန္တိသုခအဆင့်မြင့်ခရီးသွားလုပ်ငန်း၏ ခရီးစဉ်များ)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ထူးချွန်ထက်မြက်သောကျောင်းသားလူငယ်များပျိုးထောင်ရန် နည်းလမ်းကောင်းများ-(ဦးဝမ်ထိန်)
(၂) စေတနာစကားရသစာစုများ-၂ (ကောင်းသန့်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ဦးနှောက်အစွမ်း-မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (ပန်းသီး)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၈း၂၅ သံစဉ်တေးသွားမေတ္တာစကား
(၁) နှစ်ကိုယ်ခွဲချင်တယ် (ပပမြိုင်)
(၂) နှစ်ကိုယ်ခွဲလို့ အသည်းဝေသလား (ကေတုဝင်းထွဋ်)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ကျေးဇူးတရား)
၁၉း၄၀ ခေတ်မရွေးသောတေး
(၁) ရွက်စိမ်း (ခင်ညွန့်ရီ)
(၂) ရွှေဖူးစာမဆုံကြရင် (သန်းဖေလေး)
(၃) ဖူးငုံချစ်ပန်း (တင်မိုးခိုင်)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ရင်ခွင် (ကိုထိန်ဝင်း)
(၂) မိန်းကလေးမို့ပါရှင် (ပန်တျာစမ်းစမ်းသွင်)
(၃) အိပ်မက်လှလှမက်ပါစေ (ကိုမြသိန်း)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ အမှတ်(၃)ရပ်ကွက် အလောင်းဘုရားလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၀ရက်က ဦးစီးအရာရှိ ဦးကျော်သူလတ်နှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးကျော်သန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

စာဆိုတော်နေ့ အထိမ်းအမှတ် ထားဝယ်၌ စာပေဟောပြော

ထားဝယ် ဇန်နဝါရီ ၉

စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို စာရေးဆရာချစ်နိုင်(စိတ်ပညာ)နှင့် သန်လျင်မောင်မောင်ဦးတို့သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ညောင်ဇင်စုံပြကျေးရွာ စာကြည့်တိုက်တွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲက ထားဝယ်မြို့ ပညာရေးကောလိပ်တွင် လည်းကောင်း၊ ည ၇ နာရီခွဲက ထားဝယ်မြို့ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)တွင် လည်းကောင်း စာပေဟောပြောပွဲများကို ကျင်းပခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နွဲ့နွဲ့ရီ ဦးဆောင်၍ မြို့ပြအနော်ရထာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၄၇)

မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာ သိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃)လမ်းဆုံ နွယ်ခွေလမ်းနှင့် အမှတ်(၃)လမ်းမကြီးကြားရှိ မဟာစန္ဒာရုံဝိပဿနာ ဓမ္မရိပ်သာအတွင်း တည်ဆောက်သည့် သိမ်ကျောင်းအတွက် မိခင်ကြီးအားရည်စူး၍ စမ်းချောင်းမြို့နယ် အမှတ်(၉) မင်္ဂလာလမ်းနေ ဦးအောင်ကျော်မြင့်မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ (ကမ္မဋ္ဌာနာစရိယ)ထံမှ သာဓုအနုမောဒနာတရားနာယူပြီး ရေစက်ချလှူဒါန်းသည်။**(ဝဲပုံ)**

လှူဒါန်း

အဆိုပါရိပ်သာတွင် သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ယောဂီဆောင်၊ ဘောဇနဆောင်နှင့် ဓမ္မကထိကကျောင်းဆောင်တို့အတွက် လှူဒါန်းလိုသူများသည် ဆရာတော် ဖုန်း-၀၉-၅၁-၂၅၄၅၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မိဘများဖြစ်ကြသော ဦးသောင်းညွန့်-ဒေါ်ရွှေတို့အား ရည်စူး၍ ကိုစိုးမြင့်၊ မတင်တင်မိုး၊ ကိုနေဝင်း၊ မနန်းအေးမြမိသားစုတို့က ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင် (၁၁) ရပ်ကွက် မှန်ကင်းဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းရှိ သံဃာတော်များနှင့် မိဘမဲ့ သာမဏေကျောင်းသား ၂၇၀ တို့အား နေ့ဆွမ်းဆက်ကပ်၍ ရွှေရင်အေးတိုက်ကျွေးပြီး ဆေးပစ္စည်းများ လှူဒါန်းစဉ်။

(က-ပ)

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၅ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်ထူး ကော့သောင်းမြို့ ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာပန်းခြံအတွင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးကြည်က ရှင်းလင်းတင်ပြစဉ်။

(တိုင်းစည်ပင်)

ဘိုကလေး အလက(၁)ကျောင်းသားဟောင်းများ
အာစရိယပူဇော်ပွဲ ကျင်းပမည်

ဘိုကလေး ဒီဇင်ဘာ ၂၇

ဧရာဝတီတိုင်း ဘိုကလေးမြို့ အလက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ မြို့လုံးကျွတ် အရဏ်ဆွမ်းလောင်းလှူပွဲနှင့် ဒသမအကြိမ်မြောက် အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) ၁၃၆၉ ခုနှစ် ပြာသိုလဆန်း ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ဘိုကလေးအလက (၁) ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန် နှိုးဆော်ထားသည်။

လှူဒါန်းနိုင်

တပည့်ဟောင်းများ အလှူငွေ ထည့်ဝင်လိုပါက ဦးစိန်မြိုင် (ဗဟိုတရားရုံးရှေ့နေ) ဖုန်း-၀၁-၅၀၁၃၀၁၊ ဦးမောင်အေး(ဒုတိယဥက္ကဋ္ဌ၊ ဆန်ကုန်သည်များအသင်း) ဖုန်း-၆၈၁၃၄၀၊ ဦးသန့်ဇင် (TZရေထွက်ပစ္စည်း ရောင်းဝယ်ရေး) ဖုန်း-၃၂၀-၄၂ (ဘိုကလေးမြို့)နှင့်ဦးသက်ဦး(အထက်တန်းရှေ့နေ) အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဘိုကလေးမြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ မိုးကောင်းလွဲလောလမ်း ဆောင်ရွက်ထားမှုကို ဒီဇင်ဘာ ၃၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ပုသိမ်မြို့ စကားဝါလမ်း ကတ္တရာခင်း

ပုသိမ် ဇန်နဝါရီ ၂

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော စကားဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဒီဇင်ဘာ ၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေတို့ လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး
စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေး အဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များ အနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်းစက်ပစ္စည်းစုံ ငွေကျပ် ငါးသိန်း၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀ သိန်း၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်နိုင်

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၆၇- ၄၀၉၂၁၁၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၂၁၅၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇၊ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၁-၂၉၁၉၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သင့်ဘဝအတွက်

ဖန်းမေးဗေဒင်

၂၃/၅လွှာ တာမွေဈေးလမ်း၊တာမွေ. ရန်ကုန်။

ဆရာဒေါ်စုစုလှိုင်(ဝေဒ)ဖုန်း-0951.50153

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ရက်စွဲ၊ ၂၀၀၈ခုနှစ် ဇန်နဝါရီလ ၁၀ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာန အစာစပ်စက်ရုံအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	တိရစ္ဆာန်အစာကုန်ကြမ်း၊ ဖြည့်စွက်ဆေးဝါးနှင့် ပီနံအိတ်ခွံများ	(1) Lot

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၄-၁-၂၀၀၈ရက် ၁၆း၀၀နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ်၂၀၀၀(ကျပ်နှစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်း ဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

သက်ရှိလောကတည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စဝ်ဥမ္မာကြည်(တရားရုံးချုပ်ရှေ့နေ)၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင် ဦးစဝ်ရွှေကြည် (တောင်ကြီး)သည် ၁၂-၁-၂၀၀၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **ဦးစိန်ဝင်းချမ်းနှင့် မြမြင့်မိုရ်ရှေ့နေရုံးခန်းအဖွဲ့သားများ။**

INT Co., Ltd. (International Nippo Trading Co., Ltd.) **ဒါရိုက်တာအဖွဲ့၏**

အများသိစေရန်ကြေညာချက်အပေါ် ရှင်းလင်းပြန်ကြားခြင်းနှင့် အသိပေးတောင်းဆိုခြင်း

ဦးမင်းသိန်း ၁၂/ရကန(နိုင်)၀၅၃၈၄၀ နှင့် ဒေါ်သန်းသန်းဝင်း ၈/မကန(နိုင်)၀၆၁၀၉၈ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးမင်းသိန်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းပြန်ကြား၍ အသိပေး တောင်းဆိုလိုက်ပါသည်။

၁။ ၄-၁-၂၀၀၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၄)တွင် INT Co.,Ltd. ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်ဇော်မင်း(မြို့မ)တရားရုံးချုပ်ရှေ့နေနှင့် ဦးအောင်မြင့်ခိုင် အထက်တန်းရှေ့နေတို့က အများသိစေရန် ကြေညာချက်ကို ကြေညာခဲ့ပါသည်။

၂။ အများသိစေရန် ကြေညာချက်၏ အမှတ်စဉ်(၂)တွင် ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန် မြေကွက်အမှတ် ၂၀၁/၂၀၄/၂၀၅/၂၀၈ မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ စက်ရုံအဆောက်အအုံတစ်လုံးနှင့် ဆောက်လုပ်ဆဲစက်ရုံအဆောက်အအုံတစ်လုံးနှင့် စက်ရုံအတွင်း စွဲကပ်တပ်ဆင်ထားသော ပလတ်စတစ်ပစ္စည်း ထုတ်လုပ်သော စက်ပစ္စည်းကြီးများနှင့် ၎င်း၏အပိုပစ္စည်း အပါအဝင် စက်ရုံအတွင်း စွဲကပ်တပ်ဆင်ထားသော မီးစက်ကြီးတစ်လုံး အပါအဝင်အားလုံးဟု ဖော်ပြပါရှိခဲ့ပါသည်။

၃။ အများသိစေရန် ကြေညာချက်၏ အမှတ်စဉ်(၂)ပါ ပစ္စည်းများနှင့် ပတ်သက်၍ ဦးမင်းသိန်းနှင့် ဒေါ်သန်းသန်းဝင်းတို့က ရန်ကုန် တွဲဖက်တိုင်းတရားသူကြီး(၁)ရုံးတော်တွင် တရားမကျင့်ထုံး ဥပဒေအမိန့်(၂၁)၊ နည်းဥပဒေ (၅၈) အရ ဝရမ်းခွာပေးရန် စာရွက်စာတမ်း အထောက်အထားများနှင့် လျှောက်ထားမှုရှိခဲ့၍ တွဲဖက်တိုင်းတရားသူကြီး(၁)ရုံးက တရားမအထွေထွေမှုအမှတ် (၇၅/၀၇)နှင့် (၈၂/၀၇)တို့ကို ဖွင့်လှစ်၍ လျှောက်ထားသူ ဦးမင်းသိန်းအား စစ်ဆေးဆဲဖြစ်ပြီး လျှောက်ထားသူ ဒေါ်သန်းသန်းဝင်းအား စစ်ဆေးရန် ချိန်းဆိုထားသည့် အဆင့်ဖြစ်ပါသည်။

၄။ အထက်၌ ဖော်ပြသည့် အဆင့်တွင်သာရှိသေးသည့်အတွက် တွဲဖက်တိုင်းတရားသူကြီး(၁)ရုံးသည် လျှောက်ထားသူ ဦးမင်းသိန်းနှင့် လျှောက်ထားသူ ဒေါ်သန်းသန်းဝင်းတို့၏ တရားမအထွေထွေမှုအမှတ်(၇၅/၀၇)နှင့် (၈၂/၀၇)တို့အား တရားမကျင့်ထုံးဥပဒေအမိန့် (၂၁)၊ နည်းဥပဒေ(၆၀) အရ ပစ္စည်းများကို ဝရမ်းဖမ်းခြင်းမှ ဝရမ်းလွှတ်မိန့်၊ တရားမကျင့်ထုံးဥပဒေအမိန့် (၂၁)၊ နည်းဥပဒေ (၆၁)အရ ဝရမ်းဖမ်းသည့် ပစ္စည်းများကို လွှတ်ရန် လျှောက်သည့် လျှောက်လွှာအား ပလပ်သည့်အမိန့်တို့ကို ဥပဒေနှင့်အညီ ဆုံးဖြတ်ခြင်းမပြုမီ INT Co.,Ltd. ဒါရိုက်တာအဖွဲ့နှင့် လွှဲအပ်ညွှန်ကြားခြင်းခံရသူ ရှေ့နေများသည် သိလျက်နှင့် အမှတ်စဉ်(၂) ဖော်ပြပါပစ္စည်းများနှင့် ပတ်သက်ပြီး **အများပြည်သူတို့ ထိုက်သင့်သော သတိဝီရိယဖြင့် အလေးဂရုပြုဆောင်ရွက်ရန် သတိပေးကြေညာခြင်းသည်** တရားမ အထွေထွေမှုအမှတ်(၇၅/၀၇)နှင့် (၈၂/၀၇) တို့အား ဥပဒေနှင့်အညီ ဆုံးဖြတ်ပေးမည့်အပေါ် ကြိုတင်၍ စကားဦးသန်းရာရောက်စေသည့်အပြင် ဦးမင်းသိန်းနှင့် ဒေါ်သန်းသန်းဝင်းတို့၏ တရားမအထွေထွေမှုအမှတ် (၇၅/၀၇)နှင့် (၈၂/၀၇)တို့ကိုလည်း ထိခိုက်စေခဲ့ပါသည်။ ထို့အပြင် လျှောက်ထားသူဦးမင်းသိန်းနှင့် လျှောက်ထားသူ ဒေါ်သန်းသန်းဝင်းတို့၏ လူပုဂ္ဂိုလ်သိက္ခာ၊ လုပ်ငန်းသိက္ခာနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ထိခိုက်နစ်နာအနှောင့်အယှက်ဖြစ်စေခဲ့ရပါသည်။ သို့အတွက်ကြောင့် INT Co.,Ltd.နှင့် ရှေ့နေကြီးများအား အလေးအနက်အသိပေးတောင်းဆိုလိုသည်မှာ လူကြီးမင်းများ၏ အများသိစေရန် ကြေညာချက်ကို ခုနစ်ရက်အတွင်း ရုပ်သိမ်းပေးစေလိုပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဦးမင်းသိန်းနှင့် ဒေါ်သန်းသန်းဝင်းတို့က ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြန်ကြား အသိပေးတောင်းဆိုအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို
LL.B, H.G.P., Dip in Business Law.,
Dip in Applied Psychology., Dip in Maritime Law.,

ဦးအောင်မြင့်ထွန်း(LL.B)
တရားရုံးချုပ်ရှေ့နေ

တရားရုံးချုပ်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်း ဥပဒေအကြံပေးပုဂ္ဂိုလ်
အမှတ် ၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၈၂၄။

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နယ်မြေအေးချမ်းရေးနှင့်ဖွံ့ဖြိုးရေး လက်တွဲဆောင်ရွက် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီ ၂၅ မိနစ်တွင် ကယားပြည်နယ် လွိုင်ကော်လေဆိပ်သို့ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်နှင့် တပ်မတော်အရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် အဖွဲ့ဝင်များအား လွိုင်ကော်လေဆိပ်အဆောက်အအုံအတွင်း၌ လေကြောင်းဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးသန့်စင်မိုးက လေယာဉ်ပြေးလမ်းပြုပြင်ခြင်းလုပ်ငန်း၊ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းနှင့် လေယာဉ်ပြေးလမ်း ထပ်မံတိုးချဲ့တည်ဆောက်ရန် လျာထားဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ လွိုင်ကော်လေယာဉ်ပြေးလမ်းအရှည်မှာ ယခင်က ပေ ၅၂၃၀ ရှိခဲ့ရာ ယခုအခါ လေယာဉ်ပြေးလမ်း ပေ ၁၈၀၀ ခန့် ထပ်မံတိုးချဲ့ရန် လျာထားပြီး ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဖရူဆိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှင်းမှုန်ဖွေးဖွေး ၁၅-၁-၂၀၀၈

ဟားခါး	ပင်လောင်း
-၂ ဒီဂရီစင်တီဂရိတ်	၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်	**မိုးကုတ်**
၁ ဒီဂရီစင်တီဂရိတ်	၄ ဒီဂရီစင်တီဂရိတ်

သတင်းနှင့် ဆောင်းပါး အညွှန်း

❐ ကမ္ဘောဒီးယား၌ ဘိလပ်မြေစက်ရုံကြီးဖွင့် စာ -၄

❐ ကင်ညာ၌ ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က အင်အားသုံးဖြိုခွဲ စာ -၅

❐ ကြမ္မာရဟတ် တစ်ပတ်လည် နိုင်ငံတကာမှခင်း စာ - ၆

❐ နီပေါနိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ် သတင်းအက်ဆေး စာ -၇

❐ အကယ်ဒမီပဟေဠိ အဖြေညှိကြရအောင် သာညာဏ်၏သတင်းဆောင်းပါး စာ - ၁၁

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား